# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 July 2022 ၁၀၇၉၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် အလုပ်သဘောတွေ့ဆုံ ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် အလုပ်သဘောတွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဇူလိုင် ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် ဇူလိုင် ၁၁ ရက်မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ အလုပ်သဘောတွေ့ဆုံ ဆွေးနွေးသည်။

စာမျက်နှာ ၂ ကော်လံ ၃ သို့ ✰

**ယနေ့ ဖတ်စရာ**

**ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိ**

စာမျက်နှာ - ၈

**တရုတ်နိုင်ငံ၌ ယခုနှစ် မေလကုန်ပိုင်းတွင် 5G မိုဘိုင်းဖုန်း အသုံးပြုသူဦးရေ ၄၂၈ သန်းအထိ ရှိလာ**

စာမျက်နှာ - ၁၃

**ခြင်ကျားအန္တရာယ်နှင့် သွေးလွန်တုပ်ကွေးကူးစက်မှု ပြဿနာ**

စာမျက်နှာ - ၁၉

ကြေးမုံ

# အောက်မေ့သတိရခြင်းနှင့်အတူ ကျေးဇူးတုံ့ပြန်

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလက နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်သည်များကို ဗိုလ်ချုပ်အောင်ဆန်းက မကြာခဏပြောကြားလေ့ရှိသည်။ ထိုက်တန်တူတန်သည့် လွတ်လပ်သောနိုင်ငံတည်ဆောက်ရာ၌ စည်းလုံးညီညွတ်စွာဖြင့် မြဲမြံသောသတိဖြင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှသာ မျှော်မှန်းထားသည့်အတိုင်း ရရှိနိုင်ကြောင်း မှာကြားခဲ့သည်။

အဓိကအချက်မှာ အပြောမဟုတ် စိတ်ခံစားချက်များနှင့်မလုပ်ဘဲ တူညီသောရည်ရွယ်ချက်များဖြင့် လက်တွေ့အလုပ်လုပ်ကြမှသာ မျှော်မှန်းထားသည့်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ကို "ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလို တူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ် တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး"ဟု ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့က ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီး၌ ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။

ကျွန်ုပ်တို့သည် မြန်မာတစ်မျိုးသားလုံး၊ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အသက်ပေးကြိုးပမ်းအားထုတ်ခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများကို ချစ်ခင်မြတ်နိုးကျေးဇူးဆပ်လိုပါလျှင် အမျိုးသားခေါင်းဆောင်ကြီး လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရရှိပြီးသောလွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောရေးအတွက် မမေ့မလျော့သော သတိ၊ နိုင်ငံအပေါ် သစ္စာရှိရှိ တာဝန်သိသိ၊ တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်ခင်မြတ်နိုးမှုနှင့် မလျော့သော ဖွဲ့၊ လုံ့လ၊ သတ္တိတို့ဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ညီညီညွတ်ညွတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ ကျရောက်စဉ်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတို့၌ အမျိုးမျိုးအဖုံဖုံ နှိပ်စက်မှု၊ ညှဉ်းပန်းမှု၊ ခေါင်းပုံဖြတ်မှု၊ သွေးခွဲမှုတို့ကို ခါးစည်းခံခဲ့ကြရသည်။ ဤခါးသီးသော အတွေ့အကြုံများကြောင့် မြန်မာတစ်မျိုးသားလုံးသည် သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို အသက်၊ သွေး၊ ချွေး စတေးပေးဆပ်ကာ နည်းလမ်းအမျိုးမျိုးတို့ဖြင့် တွန်းလှန်ခဲ့ကြသည်။ သူ့ကျွန်ဘဝမှ လွတ်မြောက်အံ့ဆဲဆဲ၊ နိုင်ငံလွတ်လပ်ရေးရရှိရန် လက်တစ်ကမ်းအလိုလောက်တွင် နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက်များ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်များ ကျဆုံးခဲ့ရသည်။ လွတ်လပ်ရေးအတွက် အသက်နှင့်လဲပြီး ပေးဆပ်ခဲ့ရသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးပေးဆပ်ရယူပေးခဲ့သော လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ တည်ဆောက်ပေးခဲ့သော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းသာယာဝပြောရေးတို့ကို ခေတ်အဆက်ဆက်က နိုင်ငံ့ခေါင်းဆောင်များက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံလွတ်လပ်ရေးရပြီဆိုသော်လည်း မသမာသူများနှင့် အမျိုးသားသစ္စာဖောက်များ၏ လူအချင်းချင်းခေါင်းပုံဖြတ်မှု၊ အနိုင်ကျင့်နှိပ်စက်မှု၊ မတရားပြုကျင့်မှုတို့ကင်းဝေးအောင် တိုင်းပြည်ကိုချစ်မြတ်နိုးသော ခေါင်းဆောင်များက ကြိုးပမ်းဆောင်ရွက်နေကြရသည်။

ယခုအခါ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မှာကြားချက်များကို မှတ်သားလိုက်နာပြီး တိုင်းပြည်နှင့် လူမျိုးအတွက် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်မိန့်ကြားခဲ့သော "တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေ၊ ကာကွယ်ရေးလုပ်ငန်းတွေကို လုပ်တဲ့အခါမှာ တိုင်းသူပြည်သား လူထုနဲ့ချီပြီးတော့ လုပ်ငန်းကိုလုပ်မှ အောင်မြင်လိမ့်မယ်" ဟူသော မိန့်မှာချက်ကို စွဲမြဲစွာခံယူပြီး ပြည်သူလူထုဆန္ဒကို လက်တွေ့အကောင်အထည်ပေါ်လာအောင် အစိုးရနှင့်ပြည်သူ ညီညီညွတ်ညွတ် လက်တွဲလုပ်ကိုင်ကြရန်လိုအပ်မည်ဖြစ်သည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်မှသာ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ဆန္ဒများ ပြည့်ဝမည်ဖြစ်ပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ကျေးဇူးဆပ်ရာရောက်မည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ် အာဇာနည်နေ့သည် ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် (၇၅) နှစ်မြောက်ကာလဖြစ်၍ အာဇာနည်ခေါင်းဆောင်ကြီးများကို အောက်မေ့သတိရခြင်းများနှင့်အတူ ကျေးဇူးတုံ့ပြန်သောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။



## အပြန်အလှန် ပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲနှင့် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှ**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ရုရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများတွင် မြန်မာ့တပ်မတော်က ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေနှင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများသည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"လှိုင်သာယာမြို့နယ်ရှိမြန်မာ့စီးပွားရေးဘဏ်အား မိုင်းထောင်ဖောက်ခွဲသည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"PDF အမည်ခံအကြမ်းဖက်သမားများက ပေါက်မြို့နယ် ဒေါင်းသာကျေးရွာ သာသနာ့ဝံသဘုန်းကြီးကျောင်းမှ ဆရာတော်၏လည်ပင်းအား ဓားဖြင့်ရက်စက်စွာခုတ်၍ သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်"**နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**


ကြေးမုံ

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ |
| **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **စာပြင်** | - | ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

| | | |
|---|---|---|
| နေပြည်တော် | - | စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁ |
| ရန်ကုန်ရုံးခွဲ | - | အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂ |
| မန်နေဂျာ | - | ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁ |

# မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ်။

နေပြည်တော် ဇူလိုင် ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို သာသနာတော်နှစ် ၂၅၆၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့ဖြစ်သည့် ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒနသဿရ၊ တိပိဋကဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ(ဓမ္မဒူတဆရာတော်) တို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Orthodox ဘုန်းတော်ကြီး၊ လားမားဘုန်းတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

## တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ Konstantin Losifovich Kosachev၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin(အလက်ဇန်းဒါး ဗာစီးလီယယ်ဗစ်ဖိုမင်)၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့အစည်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသိန်းကျော်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာ့တပ်မတော်မှ ထူးချွန်ဆုရအရာရှိများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ၊ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသား အရာရှိများ၊ ရုရှား-မြန်မာချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ဧည့်သည်တော်များ၊ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းမှ ဧည့်သည်တော်များ၊ မော်စကိုထေရဝါဒဗုဒ္ဓအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ သံရုံးများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဗုဒ္ဓဘာသာဝင် ရုရှားနိုင်ငံသားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

## ပက်ဖျန်းကြဲဖြန့်ချည်နှောင်

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော်ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင်တားဆီးကာရံကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ သံအမတ်ကြီးများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်တပ်ဆင်ပူဇော်၍

စာမျက်နှာ ၄ သို့ »»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပြီး စေတီတော်အထွတ်သို့ ပင့်ဆောင်တပ်ဆင်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝမ်းမြောက်စကားပြောကြားစဉ်။

»» စာမျက်နှာ ၃ မှ

ပရိတ်နံ့သာရည်များ ပက်ဖျန်းကြပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**ဝမ်းမြောက်ဩဝါဒစကားမြွက်ကြား**

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး သီတဂူဆရာတော်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတွင်တည်ရှိသည့် မူလရွှေစည်းခုံစေတီတော်မြတ်ကြီးကို ပထမမြန်မာနိုင်ငံတော် စတင်တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီးက ရှင်အရဟံမထေရ်မြတ်၏ ဩဝါဒခံယူ၍ လွန်ခဲ့သည့် ၉၆၃ ခုနှစ်ခန့်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အနော်ရထာမင်း နတ်ရွာစံတော်မူပြီးနောက် သားတော် ကျန်စစ်သားမင်းက ဆက်လက်တည်ဆောက်ခဲ့ပြီး လွန်ခဲ့သည့် ၉၃၂ ခုနှစ်ခန့်တွင် ပြီးမြောက်ခဲ့ကြောင်း၊ စေတီတော်ကြီး တည်ဆောက်ခဲ့သည့်နှစ်မှ ပြီးစီးခဲ့သည့်နှစ်အထိ နှစ်ပေါင်း ၃၁ နှစ်ကြာ တည်ဆောက်ခဲ့ပြီး ပုဂံရှိ နှစ်ထပ်စေတီတော် ၄၅ ဆူအနက် တစ်ဆူအပါအဝင်ဖြစ်ကြောင်း၊ ထိုသို့သော သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုလက်ရာအပြည့်ဖြင့် ရွှေစည်းခုံပုံတူစေတီတော်ကြီး ယခုကဲ့သို့ တည်ထားနိုင်ရန်အတွက် မြန်မာနိုင်ငံမှ စေတနာရှင်အလှူရှင်များ၊ မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ မတည်လှူဒါန်းမှုနှင့် သီတဂူဆရာတော်ကြီး ကိုယ်တော်တိုင် ၁၀ ကြိမ်တိုင်တိုင် ကြွရောက်ကြိုးပမ်းတော်မူခဲ့ပြီး သီတဂူဗုဒ္ဓဝိဟာရ(မော်စကို)တွင် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေသည့် ဆရာတော်များ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများ ဦးဆောင်စီမံကြီးကြပ်မှုနှင့် မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများ၊ ရုရှားနိုင်ငံမှ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဆောင်ရွက်မှုများဖြင့် အတွက် လှူဒါန်းခဲ့ကြသည့် ရပ်နီး၊ ရပ်ဝေးမှ စေတနာရှင် အလှူရှင်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပြီးစီးသည့် ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီးသည် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စေတီတော်မြတ်ကြီး နှစ်ပေါင်းရှည်ကြာ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်းဖြင့် လျှောက်ထားတင်ပြသည်။



သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဝမ်းမြောက်ဩဝါဒစကားမြွက်ကြားစဉ်။



လားမားဘုန်းတော်ကြီး ဝမ်းမြောက်ဩဝါဒစကားမြွက်ကြားစဉ်။



ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အလက်ဇန်းဒါး ဗာစီးလီယယ်ဗစ် ဖိုမင် ဝမ်းမြောက်စကားပြောကြားစဉ်။

တော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခြင်းအဖြစ် ဝမ်းမြောက်ဩဝါဒစကားမြွက်ကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝမ်းမြောက်ကြောင်းလျှောက်ထားရာတွင် မော်စကိုမြို့အနီး ကာလုဂါပြည်နယ်တွင် တည်ထားလျက်ရှိသည့် ပထမဆုံးသော ထေရဝါဒဗုဒ္ဓဘာသာစေတီဖြစ်သည့် ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ကုသိုလ်ပြုခွင့်ရရှိခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ စေတီတော်ကြီးကို ဗုဒ္ဓဘာသာ သာသနာတော်ကြီး ကမ္ဘာတည်သရွေ့ ထွန်းလင်းတည်တံ့နေစေရန်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမိုတိုးတက်လာစေရန်၊ အရှေ့တိုင်း ဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကိုပြသရန်ရည်ရွယ်၍ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီးကို တည်ထားခဲ့ခြင်းဖြစ်ကြောင်း။

ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုစာရင်းဝင် ပုဂံမြို့ယဉ်ကျေးမှုအစဉ်အလာ ထူးကဲပြည့်စုံသည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ရုရှားနိုင်ငံတွင် လာရောက်တည်ထားခြင်းသည် ရုရှား-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ကြောင်း။

**ထေရဝါဒဗုဒ္ဓစင်တာ**

ထို့အပြင် ရုရှားနိုင်ငံနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာ ထေရဝါဒဗုဒ္ဓစင်တာ ကျောင်းတော်ကြီးကို တည်ထောင်နိုင်ခဲ့ကြောင်း၊ ရုရှားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ တရားအားထုတ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏လှူဒါန်းမှုဖြင့် သဒ္ဓမ္မဇောတိက သိမ်တော်ကြီးနှင့် ရွှေတိဂုံစေတီပုံတူအထွတ်တင်စေတီကို မြန်မာနိုင်ငံမှ သံဃာတော်အရှင်သူမြတ်များ ပင့်ဆောင်၍ ပန္နက်ချမင်္ဂလာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဇွန်လတွင် မိမိနှင့်အတူ အစိုးရအဖွဲ့ကိုယ်စားလှယ်များက ရွှေတိဂုံစေတီပုံတူ အထွတ်တင်စေတီကို ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခဲ့ပြီး သဒ္ဓမ္မဇောတိကသိမ်တော်ကြီးကို ရေစက်ချလှူဒါန်းနိုင်ခဲ့ပါကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပထမဆုံး မြန်မာ့တာဝန်ရှိသူများ၊ စေတီတော်ကြီးဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘာသာ၊ သာသနာဟူသည်မှာ လူတို့၏ စိတ်နှလုံးအေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုကို အထောက်အပံ့ပြုစေပါကြောင်း၊ သို့ဖြစ်၍ ယခု စေတီတော်မြတ်ကြီးသည်လည်း ရုရှားနိုင်ငံသူ နိုင်ငံသားများ၏ စိတ်နှလုံးအေးချမ်းမှု၊ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှု၊ ခိုင်မြဲသည့် အေးချမ်းသာယာမှုကို ခိုင်မာစွာ ဆောင်ကြဉ်းပေးမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း၊ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး တည်ထားနိုင်ရေးအတွက် ကြိုးပမ်းတော်မူခဲ့သည့် သီတဂူဆရာတော်ကြီးနှင့် သီတဂူဗုဒ္ဓဝိဟာရ (မော်စကို)မှ ဆရာတော်များအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျေးဇူးတင်ရှိ**

ထို့အပြင် အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ပေးသည့် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များ၊ ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ အကြီးအကဲနှင့် တာဝန်ရှိသူများ၊ သံအမတ်ကြီးများနှင့် သံရုံးမိသားစုဝင်များ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်မှ တာဝန်ရှိသူများ၊ စေတီတော်ကြီးဖြစ်မြောက်ရေး

ယင်းနောက် လားမားဘုန်းတော်ကြီးနှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ဝမ်းမြောက်စကားများပြောကြားကြသည်။ ထို့နောက် လားမားဘုန်းတော်ကြီးက သီတဂူဆရာတော်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့အား ဓမ္မလက်ဆောင်များပေးအပ်ပြီး သီတဂူဆရာတော်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့က တက်ရောက်လာကြသူများကို ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားအောင်ပွဲအထိမ်းအမှတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ရုရှားရှုခင်းပန်းချီပညာရှင် Mr. Alexander Alexandrovich Shilov က ၎င်းကိုယ်တိုင်ရေးဆွဲထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပုံတူပန်းချီကားချပ်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

စာမျက်နှာ ၅ သို့ »»

# တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ

»»» **စာမျက်နှာ ၄ မှ**

ယင်းနောက် သီတဂူဆရာတော်ကြီး အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသည့် မြန်မာ့တပ်မတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့တို့မှ အရာရှိကြီးများက အောင်ခေါင်းလောင်းတော်အား သုံးချက်ထိုးခတ်ပူဇော်၍ မေတ္တာပြုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### ကပ်လှူပူဇော်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သစ်သီး ကိုးမျိုးနှင့် မြသပိတ်ဆွမ်းတော်တို့ကို ကပ်လှူပူဇော်သည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရုရှားအထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က စေတီတော်ကြီး ဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားတက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများအား ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ယခုရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ လာရောက်စဉ် အခွင့်ကြုံသဖြင့် သင်တန်းသားများကို တွေ့ဆုံခြင်းဖြစ်ပြီး ယခုကဲ့သို့ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနားကို သင်တန်းသားအရာရှိများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြရသဖြင့် ကုသိုလ်များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားစေရန်နှင့် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်စေရန် စေတီတော်ကြီးကို တည်ဆောက်ပူဇော်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း ကိုးကွယ်ရာ ဘာသာတရားနှင့်ပတ်သက်၍ ယုံယုံကြည်ကြည်ဖြင့် လေးလေးနက်နက် ဆောင်ရွက်ကြစေလိုပြီး ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမနှင့်အညီ မေတ္တာတရားလက်ကိုင်ထား၍ မှန်မှန်ကန်ကန် ပြောဆိုနေထိုင် ဆက်ဆံကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားရှုခင်းပန်းချီပညာရှင် Mr. Alexander Alexandrovich Shilov က ကိုယ်တိုင်ရေးဆွဲထားသည့် ပုံတူပန်းချီအား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်စဉ်။

ရှေးခြား၊ မြေခြားတွင် ကာလရှည် သင်တန်းတက်ရောက်နေကြသည့် အရာရှိများဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး တပ်မတော်သည် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းရေးကို ခိုင်ခိုင်မာမာဖြစ်စေရန် တပ်မတော်က ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

၁၉၈၈ ခုနှစ်၌ ပြည်သူလူထုအနေဖြင့် တစ်ပါတီအုပ်ချုပ်မှုကို မကြိုက်မနှစ်သက်ခြင်း၊ စီးပွားရေးကျဆင်းခြင်းတို့ကြောင့် တိုင်းပြည်၌ မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းအခြေအနေအပေါ် နိုင်ငံရေးအဖွဲ့အစည်းများ ပြည်ပနိုင်ငံများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးတော့မည့် အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်းခဲ့ရကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် အစဉ်အဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီပထမအကြိမ်ရွေးကောက်ပွဲတွင် ဦးသိန်းစိန်ဦးဆောင်သည့် ဒီမိုကရေစီအစိုးရတစ်ရပ် တက်လာခဲ့ကာ တပ်မတော်နှင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနောက်ပိုင်းတွင် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် တက်လာခဲ့ပြီး နိုင်ငံရေးအရအသုံးချ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး နယ်ပယ်တို့တွင် ဥပဒေကို လက်တစ်လုံးခြား အသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ထို့နောက် ရွေးကောက်ပွဲမတိုင်မီ လှုပ်ရှားမှုများနှင့် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တို့တွင်လည်း မသမာသောနည်းလမ်းများဖြင့် အနိုင်ရရှိနိုင်ရေး လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့နောက် မဲမသမာမှုများကို ရှင်းလင်းဆောင်ရွက်ပေးရန် တပ်မတော်က တာဝန်ရှိသူအစိုးရအဖွဲ့သို့ ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းလာခဲ့သောကြောင့် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်များကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက်သာဖြစ်ပြီး ထိုလမ်းကြောင်းပေါ်မှ သွေဖည်စေမည် မဟုတ်ကြောင်း၊ **တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကို မှန်မှန်ကန်ကန် သိရှိနိုင်ရန်အတွက် ယခုကဲ့သို့ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များနှင့်တကွ အကျယ်တဝင့် ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

### အမြဲလျှောက်လှမ်းနေရမည်

နိုင်ငံတိုင်းသည် မိမိတို့၏ အကျိုးစီးပွားအတွက် စီးပွားရေး၊ ပညာရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံတွင် ကြိုးပမ်းအားထုတ်နေရမည်ဖြစ်ပြီး Moving Forward ဟူသည့်အတိုင်း အမြဲလျှောက်လှမ်းနေရမည်ဖြစ်ကြောင်း၊ ရပ်နေပါက မိမိတို့တိုင်းပြည် နောက်ကျကျန်နေခဲ့မည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်ရေးသည် အဓိကအရေးကြီးဆုံးဖြစ်သဖြင့် ပညာတတ် လူသားအရင်းအမြစ်များ ပေါကြွယ်ဝရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတော်သင် သင်တန်းသားများအနေဖြင့်လည်း သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုအပ်ပြီး အမြဲမပြတ်လေ့လာ အားထုတ်နေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်မှ ငွေကြေးအရင်းအနှီး၊ အချိန်အရင်းအနှီးများစွာ ကုန်ကျထားပြီး ပညာတော်သင် စေလွှတ်ပေးထားခြင်းဖြစ်သဖြင့် မိမိတို့၏ တစ်ဦးချင်းအတွက်၊ တပ်မတော်အတွက်၊ တိုင်းပြည်အတွက် အားကိုးအားထားရသည့်ပညာတတ်လူသားအရင်းအမြစ်များ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာလှုပ်ရှားရမည်ဖြစ်ပြီး ဒေသန္တရထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာကြရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျနေထိုင်၍ ကျန်းမာရေး ကောင်းမွန်ရေးအတွက်ကိုလည်း တစ်ဦးချင်းအသိ၊ သတိဖြင့် ဂရုစိုက်နေထိုင်ကြရန်လိုကြောင်း၊ အချင်းချင်းစည်းလုံးညီညွတ်စွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြပြီး မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသားအရာရှိများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ သင်တန်းသား ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် တာတာစတန်ပြည်နယ်သမ္မတ Mr. Rustam Nurgaliyevich Minnikhanov (**ရုစတန် နုဂါလိယယ်ဗစ်ချ် မင်နီခွဲနော့ဖ်**)၏ ဖိတ်ကြားမှုအရ အလုပ်သဘောချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ Sheremetyevo(**ရှဲလ်ယယ် မြဲကျဲဗာ**) အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် တာတာစတန်ပြည်နယ် ကာဇန်မြို့ ကာဇန်လေဆိပ်သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေး ဆွေးနွေးဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin နှင့်တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ မော်စကိုမြို့ Metropol ဟိုတယ် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှု မြို့တော် အတွင်းရှိ ရွှေစည်းခုံစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)မှ အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာခဲ့ပြီး ယင်းနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ Sheremetyevo (ရှဲလ်ယယ် မြဲကျဲဗာ) အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin (အလက်ဇန်းဒါး ဗာစီးလီယယ်ဗစ် ဖိုမင်)၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ မော်စကိုမြို့ Metropol ဟိုတယ် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

## ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်တွေ့ဆုံ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့ ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် မော်စကိုမြို့ Metropol ဟိုတယ် ဧည့်ခန်းမဆောင်၌ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် စစ်ဘက်-အရပ်ဘက် သင်တန်းသားများ စေလွှတ် ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံကိုးကွယ်ရာ ဘာသာနှစ်ခု ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ပြီး ကမ္ဘာလှည့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေနိုင်မည့် အခြေအနေ၊ အရပ်ဘက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

## ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့်တွေ့ဆုံ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက်တွင် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Polyakov (အီဗန် ပါလျာကော့) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ခေတ္တတည်းခိုနေထိုင်သည့် Metropol ဟိုတယ် ဧည့်ခန်းမ၌တွေ့ဆုံ၍ စိုက်ပျိုးရေးကို အခြေခံသည့် ထုတ်ကုန်များ တင်ပို့နိုင်ရေးနှင့် ဆီထွက်သီးနှံ စိုက်ပျိုး ထုတ်လုပ်မှုအတွက် နည်းပညာ လိုအပ်ချက်များကို ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်ကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations သို့ သွားရောက်၍ Rosatom State Corporations ၏ အထွေထွေ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev (အလက်စီလီခါချော့ဖ်) ဦးဆောင်သည့် အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ နျူကလီးယား စွမ်းအင်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် နှစ်နိုင်ငံ ပြည်သူလူထု အကျိုးရှိစေနိုင်မည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ သိပ္ပံနှင့် သုတေသနစမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍများတွင် အသုံးပြု ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း။

ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation "Roscosmos" သို့ သွားရောက်၍ ရုရှားနိုင်ငံသမ္မတ၏ နိုင်ငံတကာအာကာသဆိုင်ရာ အထူးသံတမန်နှင့် "Roscosmos" ၏အထွေထွေညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Dr. Dmitry Rogozin (ဒီမီတရီ ရာဂိုဇင်) ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို လည်းကောင်း တစ်ဖွဲ့ချင်းစီအလိုက် သီးခြားစီ တွေ့ဆုံ၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom State Corporations တို့ နားလည်မှုစာချွန်လွှာတစ်ရပ်ကို အတည်ပြုလက်မှတ်ရေးထိုးစဉ်။

တွေ့ဆုံဆွေးနွေးမှုများ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ၊ Rosatom State Corporations ၏ အထွေထွေ ညွှန်ကြားရေးမှူးချုပ်၊ ရုရှားနိုင်ငံသမ္မတ၏ နိုင်ငံတကာ အာကာသဆိုင်ရာ **စာမျက်နှာ ၇ သို့** ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံသမ္မတ၏ နိုင်ငံတကာအာကာသဆိုင်ရာ အထူးသံတမန်နှင့် "Roscosmos" ၏ အထွေထွေညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Dr. Dmitry Rogozin ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ သံဃာတော်များ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကြည့်ရှုလေ့လာ အမှတ်တရဓာတ်ပုံရိုက်စဉ်။

■ စာမျက်နှာ ၆ မှ

အထူးသံတမန်နှင့် "Roscosmos" ၏ အထွေထွေညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom State Corporations တို့သည် နားလည်မှုစာချွန်လွှာတစ်ရပ်ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

**နေ့လယ်စာတည်ခင်း**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရုရှားနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို သံရုံး၊ စစ်သံရုံး မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြသည်။ ထို့နောက် သံရုံး၊ စစ်သံရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် နိုင်ငံတစ်ခုနှင့်တစ်ခု ဆက်ဆံဆောင်ရွက်ရာတွင် သံတမန်ဆက်ဆံရေးသည် အရေးကြီးပြီး စစ်ဘက်၊ နယ်ဘက် ဆက်ဆံရေး ကောင်းမွန်စေရန် အကောင်အထည်ဖော်ပေးကြရသူများဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိမိတို့နိုင်ငံသည် သမိုင်းအစဉ်အဆက် စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် အခြားနယ်ပယ်ပေါင်းစုံတွင် ကောင်းမွန်သည့် ဆက်ဆံရေးများ ရှိခဲ့ကြောင်း၊ သံရုံး၊ စစ်သံရုံးများတွင် တာဝန်ထမ်းဆောင်နေကြရသူများသည် ရေခြား၊ မြေခြားတွင် နိုင်ငံတော်၏တာဝန်များကို လာရောက်ထမ်းဆောင် နေကြရသူများဖြစ်သဖြင့် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ အကြောင်း အမျိုးမျိုးဖြင့် လာရောက်ကြသည့် မြန်မာနိုင်ငံသားများ၏ အခက်အခဲများကို ကူညီဖြေရှင်း ပေးကြရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသို့ အကြောင်း အမျိုးမျိုးဖြင့် သွားရောက်မည့် ရုရှားနိုင်ငံသားများကိုလည်း အဆင်ပြေချောမွေ့စေရေး ချိတ်ဆက်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး တစ်ဦးနှင့်တစ်ဦး ဖေးမကူညီကာ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကာ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှုထမ်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ သံအမတ်ကြီး ဦးလွင်ဦးနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**လေ့လာကြည့်ရှု**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား အမျိုးသမီး အရာရှိများသည်လည်း မော်စကိုမြို့ရှိ ရင်ပြင်နီ၊ Zaryadye ပန်းခြံ၊ Paryashchiy တံတားနှင့် VDNKh ပန်းခြံတို့သို့ သွားရောက် လေ့လာကြည့်ရှုကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ညပိုင်းတွင် မော်စကိုမြစ်အတွင်းရှိ သင်္ဘောပေါ်၌ Rosoboronexport ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Mr. Alexander Mikheev (**အလက်ဇန်းဒါး မိခေးယက်ဖ်**) ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ခရီးစဉ်တွင် လိုက်ပါလာခဲ့သည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြစ်အတွင်း သင်္ဘောဖြင့် လှည့်လည်ကြည့်ရှု၍ မော်စကိုမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ သံရုံး၊ စစ်သံရုံးမိသားစုများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ သံအမတ်ကြီး ဦးလွင်ဦးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မော်စကိုမြစ်အတွင်းရှိ သင်္ဘောပေါ်၌ Rosoboronexport ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Mr. Alexander Mikheev ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကြည့်ရှုလေ့လာ အမှတ်တရဓာတ်ပုံရိုက်စဉ်။

# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိ



ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၁၂

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများနှင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)အခမ်းအနားများကို ယနေ့နံနက် ၅ နာရီမှစတင်၍ စေတီတော် ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ဩဇ္ဈခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့် ဂါထာတော်ဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ နတ်ဗြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှမ်း ဂါထာ ရွတ်ဆိုပူဇော်ခြင်း၊ဆုတောင်းအမျှဝေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြသည်။

ယင်းနောက် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ စတင်၍ ရွှေကြာသင်္ကန်းလှည့်လည်ပူဇော်ပွဲ အခမ်းအနားကိုကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဝါဆိုရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်ကာ ရင်ပြင်တော်တစ်ပတ် လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး စေတီတော်ရင်ပြင် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ဘုရားနှင့် အာရုံခံတန်ဆောင်းမုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားများ အားဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် (ဓမ္မစကြာအခါတော်နေ့)ရေစက်ချ မင်္ဂလာခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများတက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသထံမှ ဩ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ဦးသိန်းထွဋ်မောင်က အဖွင့်မင်္ဂလာစကား လျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်) ထံမှ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် ဂေါပကရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံမှ ဂေါပကအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်မြတ်တို့ချီးမြှင့်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလထံ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြပြီး ရေစက်ချ အမျှပေးဝေကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များက ရွှေကြာသင်္ကန်းတော်များ ကိုင်ဆောင်လျက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကို လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဆူးလေစေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၊ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)တို့၌လည်း သက်ဆိုင်ရာစေတီတော် ဂေါပကအဖွဲ့များက ကြီးမှူး၍ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) အခမ်းအနားများကို ကျင်းပကြကြောင်း သိရသည်။

**သတင်းစဉ်**



ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဝါဆိုရွှေကြာသင်္ကန်းတော် ကပ်လှူပွဲနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၄)ကြိမ်မြောက် ဝါဆိုရွှေကြာ သင်္ကန်းတော် ကပ်လှူပွဲနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ကျင်းပသည်။



**ဆက်ကပ်ပူဇော်**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်အတွင်းအရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရုပ်ပွားတော်မြတ်အားလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးထွန်းက တောင်အရပ်ရှိ မဟာမဏိမယ ကကုသန္ဓ ဗုဒ္ဓပဋိမာရုပ်ပွားတော်မြတ်အားလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အနောက်အရပ်ရှိမဟာမဏိမယ ကောဏာဂမန ဗုဒ္ဓပဋိမာ ရုပ်ပွားတော်မြတ်အားလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက မြောက်အရပ်ရှိ မဟာမဏိမယကဿပ ဗုဒ္ဓပဋိမာ ရုပ်ပွားတော်မြတ်အားလည်းကောင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးဦးက စေတီတော်ရင်ပြင် အရှေ့မြောက်ထောင့်အရပ်ရှိ မဟာဆုတောင်းပြည့်(ပန်းပေါင်း) ဘုရားအားလည်းကောင်း ဝါဆိုရွှေကြာသင်္ကန်းများ ကပ်လှူကြပြီး ရုပ်ပွားတော်များအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေများ ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက၊ အဘိဇဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်နှင့် ဂုဏ်တော်များကို ရွတ်ပွားပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနား တက်ရောက်ကြသူများသည် ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**





# ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့တွင် နေပြည်တော်၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့သည် ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့ဖြစ်သည်နှင့်အညီ နေပြည်တော်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၌ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများကပ်လှူပူဇော်သူ၊ တရားဘာဝနာပွားများ ကျင့်ကြံအားထုတ်သူ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပွဲ အခမ်းအနားကျင်းပခဲ့ပြီး နေပြည်တော်နှင့် ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**စည်ကားလျက်ရှိ**

အလားတူ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟမဟာဗောဓိ စေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေဇနိယ (၄)ဌာန၊ မဟာသကျရံသီ ရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး စသည့်ဘုရားများတွင်လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ယနေ့နံနက်ပိုင်းမှ စတင်ပြီး နေပြည်တော်ရှိ လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ဖောင်တော်ချက်မစေတီတော်၊ ပျဉ်းမနားဘုရားကိုးဆူစေတီတော်၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော် အပါအဝင် ဘုရား၊ ပုထိုးစေတီများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် ဘုရားဖူးများလာရောက်ပြီး ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။

ဝါဆိုလပြည့်နေ့သည် ဓမ္မစကြာအခါတော်နေ့ဖြစ်သည်နှင့်အညီ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ တရားဘာဝနာပွားများကျင့်ကြံအားထုတ်ခြင်း၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ခြင်း စသည့်ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ဂေါတမဘုရားလောင်း ပဋိသန္ဓေတည်သောနေ့၊ တောထွက်တော်မူသောနေ့၊ ဓမ္မစကြာတရား စတင်ဟောကြားသောနေ့၊ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ပေါက်သောနေ့၊ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့၊ "ဗောဓိပက္ခိ"ဟူသော စကားကို စတင်ကြားရသောနေ့ စသည်တို့ဖြင့် ထူးခြားသည့်နေ့တစ်နေ့ဖြစ်သည်။

**သတင်းစဉ်**

# သေဋ္ဌမာရ်အောင်ဘုရားကြီး၌ (၂၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူ

**ဘားအံ ဇူလိုင် ၁၂**

ဝါတွင်းကာလ ဝါဆို၊ ဝါကပ်တော်မူကြမည့် ဆရာတော်၊ သံဃာတော်များ ဆွမ်းကိစ္စ ခက်ခဲပင်ပန်းမှုမရှိစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များ စုပေါင်း၍ (၂၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ယနေ့မွန်းလွဲ ၁ နာရီက ဘားအံမြို့ ကျက်သရေဆောင် သေဋ္ဌမာရ်အောင် ဘုရားကြီး၌ ဆင်ယင်ကျင်းပသည်။

**ဆက်ကပ်လောင်းလှူ**

ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ စေတနာရှင်အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၇၂ ကျောင်း၊ သီလရှင်ကျောင်း ၁၉ ကျောင်းတို့မှ ရဟန်း၊ သံဃာ၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၆၁၀ တို့အား ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ဆားနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် မန္တလေးမြို့နှင့်အနီးဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကား

မန္တလေး ဇူလိုင် ၁၂

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တရားဘာဝနာကျင့်ကြံအားထုတ်ခြင်းနှင့် လာရောက်ဖူးမြော်ကြည်ညိုခြင်း၊ ရပ်ကွက်၊ လမ်းများ၌ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။



အလားတူ မန္တလေးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် နံနက်အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းလောင်းလှူဒါန်းခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း စသည့် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့ပြင် မြို့၊ ရွာအနှံ့ ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများတွင် ဝါဆိုသင်္ကန်း၊ ဆွမ်းခဲဖွယ်ဘောဇဉ်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်များက သီလပေးတရားတော်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားချီးမြှင့်တော်မူခြင်း စသည့်တရားဓမ္မသံများဖြင့်လည်း ထုံမွမ်းလျက်ရှိသည်။

မန္တလေးမြို့၏ အထင်ကရဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူအပေါင်းတို့က လာရောက်၍ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်းရေချမ်းပန်းကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင်ငါးလွှတ်ခြင်း၊ အစာကျွေးခြင်းများအပြင် ဥပုသ်သီတင်းသီလဆောက်တည်၍ တရားဘာဝနာအားထုတ်သူများ၊ ဘာသာရေးလူမှုရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဝတ်ရွတ်ပူဇော်ခြင်းတို့ဖြင့် အဖွဲ့လိုက်၊ မိသားစုလိုက် အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။

အလားတူ အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်နိမ်အောင်တော်မူဆုတောင်းပြည့်ဘုရား၊ ချမ်းသာကြီးချမ်းသာရဘုရား၊ စန္ဒာမုနိကုသိုလ်တော်ဘုရား၊ မန္တလေးတောင်တော်၊ အတုမရှိရွှေကျောင်းတော်ကြီး၊ ဆုတောင်းပြည့်ဆုတောင်းရဘုရား၊ ဘုရားနီ၊ တဝဂုဘုရား၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော်၊ နန်းမြို့ဆုတောင်းပြည့်ဘုရား၊ ဝေရောစနကျောက်စိမ်းစေတီတော်အပါအဝင် ဘုရား၊ စေတီတော်များ၌ အနယ်နယ်အရပ်ရပ်နှင့် မန္တလေးမြို့ပေါ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စေတနာရှင်အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းဒါနပြုကြသည်။

မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ ဦးပိန်တံတား၊ တောင်သမန်အင်းတို့သို့လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

မောင်အေးချမ်း

# ဝါဆိုလပြည့်၌ ပဲခူးမြို့ရှိ တန်ခိုးကြီးစေတီပုထိုးများတွင် ဘုရားဖူးသူများဖြင့် စည်ကား



ပဲခူး ဇူလိုင် ၁၂

၁၃၈၄ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာနေ့) ယနေ့တွင် ပဲခူးမြို့ရှိ တန်ခိုးကြီးဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ဟင်္သာကုန်းစေတီတော်မြတ်ကြီးနှင့် ရွှေသာလျောင်းစေတီတော်မြတ်ကြီး စသည့်တန်ခိုးကြီးဘုရားစေတီပုထိုးများတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ဘုရားဖူးလာပြည်သူများ အမောပြေစေရေး အအေး၊ မြန်မာ့ရိုးရာအစားအစာစတုဒိသာများ လှူဒါန်းကျွေးမွေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ဝါဆိုလပြည့်နေ့တွင် မယ်လမုဘုရားစေတီတော်မြတ်၌ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် ဇူလိုင် ၁၂

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် ဘုရားပုထိုးစေတီများ၌ ဘုရားဖူးလာပြည်သူများ၊ ကောင်းမှုကုသိုလ်ပြုလုပ်သူများ၊ ဥပုသ်သီလဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ မယ်လမုဘုရားစေတီတော်မြတ်ကြီးတွင် ယနေ့နံနက်ပိုင်းမှစ၍ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ ဥပုသ်သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

## စည်ကားလျက်ရှိ

ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားသော နေ့ထူးနေ့မြတ်ဖြစ်သောကြောင့် မယ်လမုဘုရားစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းဆက်ကပ်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ သီလဆောက်တည်သူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းသူများနှင့် ဘုရားဖူးလာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ မယ်လမုဘုရားစေတီမြတ်ကြီးသည် သမိုင်းဝင်ဆုတောင်းပြည့် ဘုရားစေတီတော်မြတ်ကြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရှေးဟောင်းစေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများကို လေ့လာမှတ်တမ်းပြုစုနိုင်ရေး ကွင်းဆင်းဆောင်ရွက်

သီပေါ ဇူလိုင် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်လားရှိုးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဝင်း၊ ဦးစီးအရာရှိ ဒေါ်ရွှန်းလဲ့ဝေနှင့်အဖွဲ့သည် ရှေးဟောင်းစေတီပုထိုးများနှင့်ရှေးဟောင်းအဆောက်အအုံများကို လေ့လာမှတ်တမ်းပြုစုနိုင်ရေးအတွက် ယနေ့တွင် သီပေါမြို့သို့ ကွင်းဆင်းဆောင်ရွက်ကြသည်။



အဆိုပါအဖွဲ့အနေဖြင့် ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရား၊ မဟာနန္ဒာကန်သာကျောင်းတိုက်နှင့် နီးဘုရားကြီး၊ ရှေးဟောင်းအနော်မာဘုရား၊ ရှေးဟောင်းခေါင်းလောင်းတော်၊ ရှေးဟောင်းကျောင်းတိုက်များ၊ မြို့တည်ဆီအိုးကြီးများနှင့် သီပေါဟော်စံအိမ်တော် စသည်တို့ကို လေ့လာမှတ်တမ်းတင်ခဲ့ရာ သီပေါမြို့နယ် စာရေးဆရာအသင်းနှင့် သက်ဆိုင်ရာ ဂေါပကအဖွဲ့များက ရှင်းလင်းပြောကြားကြပြီး မြို့နယ်စာရေးဆရာအသင်းက သမိုင်းဆိုင်ရာ စာအုပ်များကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ ၂၁၀

# ညောင်လေးပင်မြို့၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

ညောင်လေးပင် ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရှမ်းရွာကျေးရွာအုပ်စု ဖအောင်း-ရှမ်းရွာကျေးရွာချင်းဆက်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လမ်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မင်္ဂလာအချိန်တွင် ကွန်ကရစ်လမ်းမုခ်ဦးကို ညောင်လေးပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ လမ်းဖွင့်ပွဲသို့ ညောင်လေးပင်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းမှ ငွေကျပ် ၁၃၄ သန်း အကုန်အကျခံကာ လမ်းအရှည် သုံးမိုင်၊ အကျယ် ၁၄ ပေ၊ ဒု ခုနစ်လက်မရှိသည့် လမ်းပခုံး ဂဝံရောမြေ တစ်ဖက်လျှင် သုံးပေစီခင်းပေးထားသဖြင့် ရာသီမရွေးကောင်းမွန်စွာ သွားလာနိုင်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)



# အဆိပ်ပင်ပျိုးကာ အဆိပ်သီး မခူးမိစေနှင့်

**ဓမ**

ယခုရက်ပိုင်းအတွင်း PDF များက ဓားပြတိုက်သည်ဟူသည့် သတင်းများ ခပ်စိပ်စိပ်မြင်တွေ့ရသည်။ ဓားပြဟူ၍ တောရွာများမှာတိုက်သည့် ဓားပြမှုမျိုးမဟုတ်။ နေ့ခင်းကြောင်တောင် မြို့လယ်ကောင်တွင် ပေါ်ပေါ်ထင်ထင် လုယက်၊ ခြိမ်းခြောက်ဓားပြတိုက်သည်။ သူတို့ကား လူငယ်လူရွယ်အများစုဟု မျက်မြင်များကဆိုကြသည်။ ထင်ရာစိုင်းတော်လှန်ရေးကို ဗန်းပြ၍ PDF အသွင်ပြောင်း ဓားပြများမှာ တစ်နေ့တခြား ဆိုးရွားလာပြီဖြစ်သည်။

ဩချရလောက်သည့် ဓားပြတိုက်လုယက်မှုတို့ကို PDF သူပုန်များ အပြိုင်အဆိုင် အစွမ်းဖော်ထုတ်ကြရာတွင် မြင်တွေ့ရသမျှ စုစည်းပြရလျှင် ပခုက္ကူမြို့နယ်အတွင်းတွင်ပင် အထည်ချုပ်စက်ရုံဝန်ထမ်းများ လစာပေးရန် ထုတ်ယူလာသည့် ငွေကျပ်သိန်း ၂၆၀၀ ကို လုယက်ယူဆောင်သွားခြင်း၊ ကားပြုပြင်ရန်အပ်ထားသည့် Extra CUB တစ်စီးကို အဓမ္မယူဆောင်ခြင်း၊ ပခုက္ကူမြို့နယ် မန်ကျည်းကန်ကျေးရွာမှ ချေးငွေကောက်ယူလာသည့် ဘဏ်ဝန်ထမ်းများကို PDF များက လက်လုပ်သေနတ်များဖြင့် ခြိမ်းခြောက်၍ ချေးငွေကောက်ယူရရှိငွေကျပ် သိန်း ၃၀ ကျော် လုယက်ယူဆောင်ခြင်း၊ ပခုက္ကူမြို့မဈေးမှ ရွှေဆိုင်တစ်ဆိုင်အား ဝင်ရောက်ဓားပြတိုက်ကာ ငွေကျပ်သိန်း ၁၀၀ ဝန်းကျင် ယူဆောင်ထွက်ပြေးသွားခြင်းတို့ကို ပေါ်ပေါ်ထင်ထင်ပြုလုပ်လျက်ရှိသည်။




၂၀၂၂ ခုနှစ် ဇွန် ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် (၂၆)လမ်း၊ (၆၂)လမ်းနှင့် (၆၃)လမ်းကြားရှိ ကမ္ဘောဇ ဘဏ်ခွဲ(၉)အား ဓားပြတိုက်ခံရမှု မှတ်တမ်းဓာတ်ပုံ။

## PDF တို့ ကျူးလွန်နေကြ

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ကမ္ဘောဇဘဏ်ခွဲတစ်ခုကို သေနတ်ကိုင်လူလေးဦး ဝင်ရောက်၍ သိန်းလေးရာ လုယက်ယူဆောင်ခြင်း၊ မွန်ပြည်နယ်ရေးမြို့ နှင့် မော့ကနင်ကျေးရွာအကြားတွင် မုဒ့်သို့ ကြက်စာဖိုးပေးရန် လာရောက်သူကို PDF အကြမ်းဖက်အဖွဲ့များက ငွေကျပ် သိန်း ၅၀ လုယက်သွားခြင်း၊ ရမည်းသင်းမြို့နယ် ကံသစ်ရွာရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ကို ဆိုင်ကယ်သုံးစီးဖြင့် PDF ခြောက်ဦး လက်နက်များကိုင်ဆောင်ပြီး ဓားပြတိုက်ရန်ကြိုးပမ်းခြင်း၊ မင်းကင်းမြို့နယ်တွင်လည်း ကျေးရွာမှ အခြားနေရာများတွင် တိမ်းရှောင်နေသော မိသားစုများထံ ဖုန်းဆက်၍ တစ်အိမ်ထောင်လျှင် ငွေကျပ်ငါးသိန်းပေးရမည်၊ မပေးပါက မိသားစုအတွင်း အရွယ်ရောက်သူတစ်ဦး PDF အဖွဲ့သို့ဝင်ရောက်ရမည်၊ မလိုက်နာပါက ကျေးရွာနေအိမ်များကို မီးရှို့မည်ဟုခြိမ်းခြောက်ခြင်း၊ ဇွန်လကုန်ပိုင်းက မြိုင်မြို့နယ်အတွင်း ဆက်ကြေးမပေးသည့် အမျိုးသမီးအား လက်ပြန်ကြိုးတုပ်၍ ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခြင်း စသည်ဖြင့် ခိုးဆိုးလုယက်လူသတ်မှုများစွာကို PDF တို့ ကျူးလွန်နေကြသည်။

> **မတော်လောဘအပြည့်ဖြင့် လေလှိုင်းပေါ်မှ မြှောက်ပင့်သွေးထိုးပေးသူများ၊ မစို့မပို့ထောက်ပံ့ကြေးပေးကာ PDF ဗန်းပြအလှူခံစားကြသူ CRPH၊ NUG စသည့် အကြမ်းဖက်အဖွဲ့များ၏ စနက်မီးကြောင့် လူငယ်များ စာရိတ္တပျက်ပြား နှလုံးသားများ ကြမ်းရှသွားခဲ့ပြီဟုသိရ၍ ရင်နာမိသည်။ မည်းမည်းမြင် ရန်သူထင်၍ ထင်ရာစိုင်းနေခဲ့ကြသည်ကိုလည်း PDF တို့ အများအပြားရှိရာ ဒေသများတွင် မပြတ်မြင်တွေ့လာရသည်။ မိမိတို့အား ထောက်ပံ့ပေးခဲ့သည့် ကျေးရွာများ၊ မိမိတို့ကို ကာကွယ်ပေးထားသည့် ပြည်သူများကိုပင် မျက်နှာမထောက် အဓမ္မအလှူခံ၊ ဆက်ကြေးကောက်ရာမှလုယက်၊ ဓားပြတိုက်သည်အထိပင် အတင့်ရဲစွာ စော်ကားလုပ်ဆောင်လာကြ**

အင်းတော်-ကသာသွား လမ်းပေါ်တွင်မူ PDFအကြမ်းဖက်များက ခရီးသွားယာဉ်များကို ဆက်ကြေးတောင်းခြင်း၊ မုံရွာ၌ အသံချဲ့စက်ဖြင့် အလှူခံနေသူများကို တိုင်းပြည်အေးချမ်းနေပြီ ထင်မည်စိုး၍ဟု အကြောင်းပြချက်ဖြင့် အလှူငွေများ သိမ်းယူသွားခြင်းနှင့် ဝက်လက်မြို့နယ်ရှိ သက်ကြီးရွယ်အိုတစ်ဦးထံမှ နားကပ်၊ ရွှေ၊ ငွေ၊ ကား၊ ဆိုင်ကယ်များကို သေနတ်ပြကာ ဓားပြတိုက်ခြင်း စသောသတင်းများကို PDF အမာခံဒေသများတွင် မကြားချင်မှအဆုံး ကြားနေ၊ မြင်နေရ၏။

## သာမန်ပြည်သူများအပေါ် ထင်ရာစိုင်း၍ ဥပဒေမဲ့ပြုမူ

လက်နက်အားကိုးအကြမ်းဖက်သမား PDF တို့သည် စစ်ရေးနှင့် လုံးဝမသက်ဆိုင်သည့် သာမန်ပြည်သူများအပေါ် ထင်ရာစိုင်း၍ ဥပဒေမဲ့ပြုမူနေကြခြင်း ဖြစ်ပါသည်။ ပြည်သူ့ကာကွယ်ရေးဟု အမည်တပ်ကာ ပြည်သူများ အတိဒုက္ခရောက်ရှိစေရန် မိုက်မဲစွာလုပ်ဆောင်လျက်ရှိသည်။ PDF တို့ကြောင့် ဒုက္ခသည်စခန်းများသို့ ရောက်ရှိခဲ့ကြသည်။ PDF တို့ကြောင့် မိသားစုများပြိုလဲ၊ ကျေးရွာများပျောက်ဆုံး၊ မြို့ပေါ်အထိ အတိဒုက္ခအပြည့်နှင့် ပြည်သူများ ပင်ပန်းဆင်းရဲလွန်းလှသည်။

မတော်လောဘအပြည့်ဖြင့် လေလှိုင်းပေါ်မှ မြှောက်ပင့်သွေးထိုးပေးသူများ၊ မစို့မပို့ ထောက်ပံ့ကြေးပေးကာ PDF ဗန်းပြအလှူခံစားကြသူ CRPH၊ NUG စသည့် အကြမ်းဖက်အဖွဲ့များ၏ စနက်မီးကြောင့် လူငယ်များ စာရိတ္တပျက်ပြား နှလုံးသားများ ကြမ်းရှသွားခဲ့ပြီဟု သိရ၍ ရင်နာမိသည်။ မည်းမည်းမြင် ရန်သူထင်၍ ထင်ရာစိုင်းနေခဲ့ကြသည်ကိုလည်း PDF တို့ အများအပြားရှိရာ ဒေသများတွင် မပြတ်မြင်တွေ့လာရသည်။ မိမိတို့အား ထောက်ပံ့ပေးခဲ့သည့် ကျေးရွာများ၊ မိမိတို့ကို ကာကွယ်ပေးထားသည့် ပြည်သူများကိုပင် မျက်နှာမထောက် အဓမ္မအလှူခံ၊ ဆက်ကြေးကောက်ရာမှ လုယက်၊ ဓားပြတိုက်သည်အထိပင် အတင့်ရဲစွာ စော်ကားလုပ်ဆောင်လာကြသည်မှာ ပြည်သူများ ရတက်မအေးရသည့် အဖြစ်အပျက်များဟု ဆိုရမည်။

ထို့ပြင် နိုင်ငံတော်လုံခြုံရေးအဖွဲ့များ၏ ဖမ်းဆီးခြင်းခံရတိုင်း၊ ချေမှုန်းခြင်းခံရတိုင်း အနီးအနားရှိ ကျေးရွာပြည်သူများ ကြောက်လန့်တုန်လှုပ်ကြသည်။ မည်သည့်အချိန်များ ဒလန်ဆိုကာ လာရောက်ဆွဲထုတ် သတ်ဖြတ်မလဲဟု ကျိုးလန့်စာစား နေထိုင်နေကြရသည်။ ကျောင်းထိုင်ဆရာတော်များကို လူမြင်ကွင်းတွင် ရိုက်နှက်ဆွဲချကာ သတ်ဖြတ်ကြသကဲ့သို့၊ လျှပ်စစ်ဝန်ထမ်း၊ ကျောင်းဆရာ ဆရာမများနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများအဆုံး ရိုးရိုးသားသား ဈေးရောင်းနေသည့် လမ်းဘေးဈေးသည်များမကျန် PDF မိုက်ရူးရဲများကြောင့် နေ့စဉ် အသက်ပေးခဲ့ရသည်။

လက်နက်မဲ့ပြည်သူများ အေးချမ်းစွာ နေထိုင်ခွင့်မရရှိသည်မှာ ကြာမြင့်လာခဲ့ပြီဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ မငြိမ်းချမ်းသည့် နေရပ်ဒေသများကို စွန့်ခွာကာ စစ်ဘေးရှောင်နေရမှုကြောင့် စားဝတ်နေရေး အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရသည်။ ပြည်သူ့တော်လှန်ရေးသမားများဟု အမည်တပ်ထားသည့် PDF တို့အနေဖြင့် ပြည်သူများ၏ စက်ဆုပ်မှုကြောင့်ပင် ရပ်တည်ရန်ခက်ခဲလာခဲ့ပြီ။ PDF တို့ အားကိုးရာ လေလှိုင်းထဲက CRPH၊ NUG တို့သည်လည်း ဆက်လက်ထောက်ပံ့နိုင်ရန် ဝေးစွ ကိုယ်တိုင်ပင် နိုင်ငံမဲ့များ၊ နိုင်ငံ့သစ္စာဖောက်များအဖြစ် ပုန်းလျှိုးကွယ်လျှိုး အသက်ဆက်နေရသည့်အခါ နောက်လိုက်နောက်ပါ PDF မှာ ရန်ပုံငွေအတွက် လူသတ်၊ ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ လုယက်မှုများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာကြသည်ဟု ကောက်ချက်ချမိသည်။

## အလုံးစုံဖျက်ဆီး

ယုတ်စွအဆုံး အခါကြီးရက်ကြီးများတွင် ဘုရားစေတီများကို မဖူးမြော်ကြရန် ယနေ့ဘုရားပိတ်သည် ဆိုင်းဘုတ်များ လာရောက်ချိတ်ဆွဲထားခြင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ ဆရာမများကို အသက်သေဆုံးသည်အထိ ရန်ပြုခြင်း၊ စီးပွားရေးတွင် လုပ်ကိုင်စားသောက်၍ မရနိုင်အောင် တားဆီးခြင်း၊ ကျန်းမာရေးအတွက် ဆောင်ရွက်မှုများကို ပိတ်ပင်ဖျက်ဆီးခြင်း၊ အနုပညာရှင်များ အနုပညာလုပ်ငန်း မလုပ်ရအောင် တားဆီးခြင်း၊ လျှပ်စစ်မီးမရအောင်၊ ဖုန်းလိုင်းများ ပျက်စီးအောင်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲအောင် အလုံးစုံဖျက်ဆီးနေကြသည့်အတွက် ပြည်သူများအဖို့ PDF၊ NUG နှင့် ပြည်ပြေးလောက်ကောင်များအပေါ် နားလည်မှုမပေးကြတော့ပါ။

မိမိတို့ ရေလောင်းပေါင်းသင်ပေးလိုက်သည့် အဆိပ်ပင်များသည် ယခုအခါ အဆိပ်သီးများ မှည့်ဝင်းစွာဖြင့် ရှင်သန်ကြီးထွားလျက်ရှိသည်။ အဆိပ်သည် လက်ခံခူးဆွတ်သူတိုင်း၊ စားသုံးသူတိုင်းကို အန္တရာယ်ကောင်းစွာပေးနေသည့်အတွက် အဆိပ်ပင်ကို အမြစ်မှတိုင် နုတ်ယူဖယ်ရှားကြရပါတော့မည်။ ပြည်သူများအဖို့ မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်၊ ရပ်ရွာ၏ အေးချမ်းသာယာမှုတို့ကို ရှေးရှုကြ၍ မတည်ငြိမ်ဖြစ်အောင်၊ မငြိမ်းချမ်းအောင် အဘက်ဘက်က ဖျက်ဆီးနေသည့် PDF များအား လက်သင့်မခံဘဲ ရဲရဲဝံ့ဝံ့ သတင်းပေး၍ အကုန်အစင်ရှင်းလင်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါတော့သည်။ ။

# ဖီဂျီနိုင်ငံသို့ ယခုနှစ်ပထမခြောက်လအတွင်း ပြည်ပခရီးသွား ၂၀၅၂၉ ဦး ဝင်ရောက်ခဲ့

ဆူဗား ဇူလိုင် ၁၂

ဖီဂျီနိုင်ငံသို့ ယခုနှစ်ပထမခြောက်လအတွင်း ပြည်ပခရီးသွား ၂၀၅၂၉ ဦးအထိ ဝင်ရောက်မှုရှိခဲ့ကြောင်းနှင့် အဆိုပါပြည်ပခရီးသွားအရေအတွက်သည် ဖီဂျီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်မဖြစ်ပွားမီ ၂၀၁၉ ခုနှစ် ပထမခြောက်လအတွင်း ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသွားအရေအတွက်၏ ၅၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယခုနှစ်ဇွန်လအတွင်း ပြည်ပခရီးသွား ၆၂၃၀ ဝင်ရောက်ခဲ့ခြင်းကြောင့် နိုင်ငံအတွင်းသို့ ပြည်ပခရီးသွား ဝင်ရောက်မှုသည် ယခုနှစ်အတွင်း ဆက်လက်မြင့်တက်လာမည်ဖြစ်ကြောင်း ဖီဂျီနိုင်ငံ စာရင်းအင်းဗျူရို၏ ပြောကြားချက်ကိုကိုးကား၍ ဖီဂျီရုပ်သံလွှင့်ကော်ပိုရေးရှင်းက ဇူလိုင် ၁၂ ရက်တွင် သတင်းဖော်ပြခဲ့သည်။

ထို့ပြင် ၂၀၂၂ ခုနှစ်အတွင်း ပြည်ပ ခရီးသွားဦးရေ ၄၄၇၀၀၀ အထိ ဝင်ရောက်လိမ့်မည်ဟုလည်း မျှော်လင့်ထားကြောင်း ဖီဂျီအစိုးရက ပြောကြားသည်။

လက်ရှိတွင် ပြည်ပခရီးသွား ဝင်ရောက်မှုသည် ၂၀၁၉ ခုနှစ် ပြည်ပခရီးသွား ဝင်ရောက်မှု၏ ၅၅ ရာခိုင်နှုန်း အထိရှိလာနိုင်မည်ဟု မျှော်မှန်းထားနိုင်ခြင်းကြောင့် ၂၀၂၄ ခုနှစ်တွင် ပြည်ပခရီးသွားများ ယခင်ကအတိုင်း အပြည့်အဝပြန်လည် ဝင်ရောက်လာနိုင်မည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဖိုင်ယက်ဇ်ကိုယာက ပြောကြားသည်။

**ပြန်လည်ဝင်ရောက်ခွင့်ပြုထား**

ဖီဂျီနိုင်ငံသည် နယူးဇီလန်၊ ဩစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့အပါအဝင် ခရီးသွားမိတ်ဖက်နိုင်ငံများမှ ကာကွယ်ဆေးထိုးနှံပြီးသူများအား ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်ခွင့်ပြုထားကြောင်း သိရသည်။



ဖီဂျီနိုင်ငံ သည် ၂၀၂၀ ပြည့်နှစ်မတ်လတွင် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားပြီးနောက် ခရီးသွားဝင်ရောက်မှု ကို ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# သီရိလင်္ကာနိုင်ငံ၌ စီးပွားရေးမတည်ငြိမ်မှုနှင့် နိုင်ငံရေးမငြိမ်သက်မှုများ ဆက်လက်ဖြစ်ပွား

ကိုလံဘို ဇူလိုင် ၁၂

သီရိလင်္ကာနိုင်ငံ၌ သမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာ ထွက်ပြေးမည်လား သို့မဟုတ် နိုင်ငံအတွင်း ဆက်ရှိနေမည်လား ဆိုသည့် သတင်းများထွက်ပေါ်နေစဉ်မှာပင် နိုင်ငံ၏စီးပွားရေး မတည်ငြိမ်မှုနှင့် နိုင်ငံရေး မငြိမ်သက်မှုများ သည်လည်း ဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

သီရိလင်္ကာနိုင်ငံသမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာသည် ဇူလိုင် ၁၃ ရက်တွင် သမ္မတရာထူးတာဝန်မှ နုတ်ထွက်မည်ဟု အတိအလင်း ကြေညာထားပြီးဖြစ်ကြောင်းလည်း သိရသည်။ သို့ရာတွင် သမ္မတဂိုတာ ဘာယာ ရာဂျာပက်ဆာသည် လက်ရှိအချိန်တွင် မည်သည့်နေရာသို့ ရောက်ရှိနေခြင်းနှင့်စပ်လျဉ်း၍ သီရိလင်္ကာသမ္မတရုံးက မှတ်ချက်ပေးထားခြင်းမရှိကြောင်း သိရသည်။

ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် ပြီးခဲ့သည့်သီတင်းပတ်ကုန်ပိုင်းက သမ္မတနေအိမ်သို့ စီးနင်းဝင်ရောက်ခဲ့ပြီး နိုင်ငံ၏စီးပွားရေးကို ကိုင်တွယ်မဖြေရှင်းခဲ့နိုင်ခြင်းကြောင့် သီရိလင်္ကာသမ္မတနှင့် ဝန်ကြီးချုပ်တို့ကို ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုခဲ့သည်။ သီရိလင်္ကာဝန်ကြီးချုပ် ရာနီလ်ဝစ်ကရီမီဆင်းကမူ အစိုးရအဖွဲ့သစ်တစ်ရပ် တည်ထောင်ပြီးချိန်အထိ ဝန်ကြီးချုပ်အဖြစ် ဆက်ရှိနေမည်ဟု ဇူလိုင် ၁၁ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် နိုင်ငံရေးပါတီများသည် ပါတီအားလုံးပါဝင်သည့် အစိုးရအဖွဲ့တစ်ရပ် ဖွဲ့စည်းရန် စတင်ဆောင်ရွက်လျက်ရှိသည်။ သီရိလင်္ကာနိုင်ငံ၌ ခတ်ငွေပြတ်တောက်မှု ဆိုးရွားစွာဖြစ်ပေါ်ခဲ့ခြင်းကြောင့် စားသောက်ဆိုင်တချို့သည် ချက်ပြုတ်ရန်အတွက် ထင်းများကို စတင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံရေးမငြိမ်သက်မှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ပြည်သူများသည် အစားအစာ၊ လောင်စာဆီနှင့် အခြားလိုအပ်သောပစ္စည်းများ ဝယ်ယူရန် အခက်အခဲ ဖြစ်ပေါ်နေကြောင်း သိရသည်။



**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံ၌ ၂၀၃၅ ခုနှစ်တွင် ခေတ်မီလမ်းကွန်ရက် တည်ဆောက်မည်

ပေကျင်း ဇူလိုင် ၁၂

တရုတ်နိုင်ငံ၏ အဝေးပြေးလမ်းမကြီးများ တိုးတက်လာစေရေးအတွက် ၂၀၃၅ ခုနှစ်တွင် ခေတ်မီအမျိုးသားလမ်းကွန်ရက်ကို စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း တရုတ်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**တည်ဆောက်သွားမည်**

အဆိုပါအစီအစဉ်အရ ခေတ်မီအမျိုးသားလမ်းကွန်ရက်ကို နေရာဒေသအများအပြားကိုအခြေခံကာ ထိရောက်၍ အပြည့်အဝအသုံးချနိုင်သည့် လမ်းကွန်ရက်ဖြစ်လာစေရန် တည်ဆောက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် နိုင်ငံအတွင်းရှိ ပြည်နယ်များ၊ မြို့တော်များနှင့် စီရင်စုများအား ဆက်သွယ်ပေးနိုင်သည့် လမ်းကွန်ရက်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း တရုတ်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ပြောခွင့်ရပုဂ္ဂိုလ် မန်ဝေးက ပြောသည်။

ယခုကဲ့သို့ နိုင်ငံအတွင်းရှိ အဝေးပြေးလမ်းကွန်ရက်တည်ဆောက်ခြင်းဖြင့် နိုင်ငံအတွင်းရင်းနှီးမြှုပ်နှံမှုများ များပြားလာပြီး စီးပွားရေးအခွင့်အလမ်းများ တိုးတက်စေကြောင်း မန်ဝေးက ပြောသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၆၃ ဦး ထပ်မံတွေ့ရှိ

မနီလာ ဇူလိုင် ၁၂

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၆၃ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၇၂၄၁၃ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကူးစက်မှုများပြားလာ**

နိုင်ငံ၏ဒေသအများအပြားတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု များပြားလာသည့်အနက် မနီလာမြို့ပြဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု သိသိသာသာ များပြားသည်ကို တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ မာရီယာရိုဆာရီယိုက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသသူ နည်းပါးသော်လည်း ရောဂါပြင်းထန်စွာခံစားနေရသူ များပြားကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် ပြီးခဲ့သည့် သီတင်းပတ်ကထက် ၄၁ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ လူဦးရေ ၇၁ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၃၆၀ ထပ်မံတွေ့ရှိ

ဆိုးလ် ဇူလိုင် ၁၂

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၃၆၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူပေါင်း ၁၈၅၆၁၈၆၁ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့ ပြောကြားသည်။



တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၉၈၉ ဦး ရှိကြောင်း တောင်ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အေဂျင်စီက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၆၀ သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူခုနစ်ဦး ထပ်မံတွေ့ရှိခြင်းကြောင့် သေဆုံးသူပေါင်း ၂၄၆၆၈ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံ၌ ယခုနှစ် မေလကုန်ပိုင်းတွင် 5G မိုဘိုင်းဖုန်း အသုံးပြုသူဦးရေ ၄၂၈ သန်းအထိ ရှိလာ

ပေကျင်း ဇူလိုင် ၁၂

တရုတ်နိုင်ငံ၌ ယခုနှစ် မေလကုန်ပိုင်းတွင် 5G မိုဘိုင်းဖုန်းအသုံးပြုသူဦးရေသည် ၄၂၈ သန်းအထိ ရှိလာပြီဖြစ်ကြောင်း တရုတ်နိုင်ငံ စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

ယခုနှစ် မေလကုန်ပိုင်းအထိ ကာလအတွင်း တရုတ်နိုင်ငံ၌ 5G မိုဘိုင်းဖုန်း အခြေစိုက်စခန်း ၁ ဒသမ ၇ သန်းအထိ ဖွင့်လှစ်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ စက်မှုနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းသို့ ပိုမိုကောင်းမွန်သောကွန်ရက်အခြေခံ အဆောက်အအုံများကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ဖြစ်ကြောင်းနှင့် 5G နည်းပညာကို အလွှာပေါင်းစုံအတွက် ကျယ်ပြန့်စွာ အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ 5G မိုဘိုင်းဖုန်း ကွန်ရက် တည်ဆောက်မှုနှင့် 5G အက်ပလီကေးရှင်းများဖွံ့ဖြိုး တိုးတက်ရေးကို အရှိန်မြှင့်လုပ်ဆောင်နေစဉ် 5G မိုဘိုင်းဖုန်းဆိုင်ရာ အခြေခံအုတ်မြစ်များ ပိုမိုခိုင်မာစေရေးကိုလည်း တရုတ်နိုင်ငံ စက်မှုနှင့်သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာနက ကတိပြုထားကြောင်းသိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**






# အာဖဂန်နစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ၂၆ ဦး သေဆုံး

ကာဘူးလ် ဇူလိုင် ၁၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဥရုဇ်ဂန်ပြည်နယ်၌ လွန်ခဲ့သည့်နှစ်ရက်အတွင်းက မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် ၂၆ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြား ချန်နယ်တစ်ခုက ဇူလိုင် ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ ဥရုဇ်ဂန်ပြည်နယ်အတွင်းရှိ ခက်ဥရာဇ်ဂန်ခရိုင်၊ ချိုရာခရိုင်နှင့် ဂစ်ဇပ်ခရိုင်တို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းကြောင့် ၂၆ ဦး သေဆုံးခဲ့ရကြောင်း ပြည်နယ်ဒုတိယမြို့တော်ဝန် မူဇာမဲလ်၏ ပြောကြားချက်ကို ကိုးကား၍ တိုလိုနယူးစ် သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် လူနေအိမ်များ၊ ဈေးဆိုင်များနှင့် လယ်မြေများ လုံးဝပျောပါသွားခြင်း သို့မဟုတ် ဆိုးရွားစွာပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း ကျေးရွာသားတချို့၏ ပြောကြားချက်ကို ကိုးကား၍ မီဒီယာများက သတင်းဖော်ပြခဲ့သည်။

ထို့ပြင် ပြီးခဲ့သည့်သီတင်းပတ်အတွင်းကလည်း ဇာဘူလ်၊ ဝါဒက်ခ်၊ ပက်တီယာ၊ ပါဝန်ပြည်နယ်နှင့် နူရီစတန်ပြည်နယ်အရှေ့ပိုင်းတို့တွင် မုတ်သုံမိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လူပေါင်းများစွာ သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ယခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုဝင်ငွေ ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့

ဖနောင်ပင် ဇူလိုင် ၁၂

ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုမှ ရရှိသောဝင်ငွေသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂ ဘီလီယံရှိပြီး အဆိုပါပမာဏသည် ယမန်နှစ် အလားတူ ကာလကထက် ၂၀ ရာခိုင်နှုန်းတိုးတက်လာကြောင်း သိရသည်။

**သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၆ ဘီလီယံရှိခဲ့**

နိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုမှ ဇန်နဝါရီမှ ဇွန်လအတွင်း အမြတ်ငွေအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃၇ ဘီလီယံရရှိခဲ့ပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၆ ဘီလီယံ ရှိခဲ့ကြောင်း ကမ္ဘောဒီးယားအကောက်ခွန်ဌာန၏ ပြောကြားချက်အရသိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၏ အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး အခြားကုန်သွယ်ဖက် နိုင်ငံများမှာ အမေရိကန်၊ ဗီယက်နမ်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့ဖြစ်သည်။

တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၈ ဘီလီယံရှိသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်လာခြင်းမှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အရှိန်မြင့်မားခြင်း၊ လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် ဈေးကွက်များ တိုးတက်ရှာဖွေနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၃၆ ဒသမ ၁ သန်းထိုးနှံပြီး

ဟနွိုင်း ဇူလိုင် ၁၂

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၃၆ ဒသမ ၁ သန်း ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် နိုင်ငံအတွင်းရှိ အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူ ၂၀၈ သန်းနီးပါးအား ထိုးနှံပေးခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



**(၄)ကြိမ်မြောက် ထိုးနှံပေးရန်ဆောင်ရွက်**

ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (၄)ကြိမ်မြောက် ထိုးနှံပေးရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၇၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၁၀၇၅၆၂၅၄ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၄၃၀၈၃ ဦး ရှိလာကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၇၈၀၁၇၂ ဦးရှိကြောင်းနှင့် အဆိုပါအရေအတွက်သည် နိုင်ငံအတွင်း ကူးစက်ခံရသူစုစုပေါင်း၏ ၉၁ ရာခိုင်နှုန်းနီးပါးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**




# ကင်မရွန်းနိုင်ငံ၌ လောင်စာဆီလျော့နည်းလာမှုကို ပြန်လည်ဖြည့်ပေးနိုင်ရန် အစီအစဉ်များ ဆောင်ရွက်

ရောင်ဒီ ဇူလိုင် ၁၂

ကင်မရွန်းနိုင်ငံ၌ လောင်စာဆီ လျော့နည်းလာမှုကို ပြန်လည်ဖြည့်ပေးနိုင်ရန်အတွက် အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကင်မရွန်းအစိုးရအနေဖြင့် နိုင်ငံအတွင်း လောင်စာဆီမပြတ်လပ်စေရေးအတွက် လုံလောက်သည့် ငွေကြေးပမာဏကို သုံးစွဲသွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် စွမ်းအင်ဝန်ကြီး ဂတ်စ်စတွန်က ပြောကြားသည်။

နိုင်ငံတကာတွင် လောင်စာဆီဈေးနှုန်းများ မြင့်တက်နေသော်လည်း ပြည်တွင်းဈေးကွက်တွင် လုံလောက်သည့် လောင်စာဆီရရှိစေရေးအတွက် ဆောင်ရွက်ထားကြောင်း သိရသည်။ နိုင်ငံအတွင်း ယခုနှစ် နှစ်ဝက်အထိ သုံးစွဲရေးအတွက် လောင်စာဆီဝယ်ယူရန် ကင်မရွန်းငွေ ဘီလီယံ ၃၁၇၀ သုံးစွဲခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် နိုင်ငံအတွင်းသုံးစွဲရန် လောင်စာဆီများ ပြည်ပမှရောက်ရှိလာပြီး ထပ်မံ၍ လောင်စာဆီများ ရောက်ရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရားမဝင်သစ်မျိုးစုံ၊ မော်တော်ယာဉ်များ၊ ကျောက်စိမ်းအရိုင်းတုံးနှင့် ကျောက်အချောထည်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မြဝတီလမ်းမကြီး မိုင်တိုင်အမှတ်(၉၇/၇)မိုင် ရှောင်ကွင်းလမ်းထိပ်တွင် လိုင်စင်မဲ့ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေး စခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

## သိမ်းဆည်းရမိ

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့နောက်တွဲယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့က စံလောင်းကျေးရွာအနီး ရှောင်ကွင်းတစ်နေရာတွင် ကင်းလှည့်စစ်ဆေးစဉ် ယာဉ်တစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်များနှင့် ကျောက်ဖြင့် ပြုလုပ်ထားသော အချောထည်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသောယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်အတွင်း လိုင်စင်မဲ့ခြောက်ဘီးယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၃ ဒသမ ၂၉၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၆၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၃၈၆၂၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ပဲခူးနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ခင်စန်းမြင့်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက် ည ၈ နာရီခန့်တွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့ ပေါက်တော ကျေးရွာအနီး ရွှေသံလွင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျော်လင်းနောင်(ခ) ကိုနောင်မောင်းနှင့်ပြီး ကျော်စိုးမိုး(ခ)ဖိုးကျော် လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၀ ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက် အောင်မင်္ဂလာလမ်းနေ ခင်စန်းမြင့်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၆၀၊ ဆေးခြောက် ၁ ဒသမ ၁၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး မအူပင်မြို့မရဲစခန်းကို စစ်ဆေး

မအူပင် ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်မိုးမိုးအေးသည် မအူပင်မြို့မရဲစခန်းသို့ ယမန်နေ့ မွန်းလွဲပိုင်းက စစ်ဆေးခဲ့ကြောင်း သိရသည်။

## စစ်ဆေး

အဆိုပါစစ်ဆေးရာတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်မင်းစိုးတို့ လိုက်ပါ၍ အချုပ်သားများထားရှိမှု၊ သန့်ရှင်းမှုရှိ၊ မရှိ၊ စားဝတ်နေရေးအဆင်ပြေမှုရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၇-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

၀၆:၀၀ ပဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
၀၉:၃၀ စိုက်ပျိုးရေးရာအပြြေရှာ
၀၉:၃၅ အာခါရိုးရာလေ့လာမည်ပေါ့ယုန်းကျေးရွာCBT
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝ်စကက်ဘောအက်ဆေး' (အပိုင်း-၂၀)
၁၃:၃၀ MRTV National News
၁၆:၃၅ အသိပညာနှင့်အမှန်တရား
၁၇:၃၅ ခေတ်အလိုက်ကြေးမုံပြင်
၁၇:၅၀ ယုက်ဖြာသွယ်တန်းထားပုလဲကောရီမှ ကျေးလက်လမ်းကွန်ရက်များ(အပိုင်း-၁)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ (၃၈)ဖြာမင်္ဂလာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'အာရုတီပါပါ'
၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၂၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၅ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ(ရုပ်သေးပြိုင်ပွဲ) 'မဟာဗုဒ္ဓဝင်တောထွက်ခန်း' (ပထမဆု)
၂၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၀)

**mitv**

07:02 Evergreen Classic: Myat Hsu Mon
07:07 Dragon Boats And Traditional Customs In Tanintharyi
07:32 Myanmar's Traditions and Culture "A stir about of Rainbows"
07:56 Goldsmith
07:44 Myanmar Big Circular Tray
08:01 The Pride Of Myanmar Traditional Handicraft
08:08 Ecotourism: White City Block & Japanese Underground Hospital
08:24 Enchanting Myeik
08:38 Myanmar Tradition of Lotus Flower
09:01 News
09:26 Global Partnership for Brighter Future: Serbia Pavilion at Expo 2020 Dubai
09:34 A Real Dream Of Accidental Gift
10:01 Products of Myanmar - Bamboo Hat

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ကရင်ရိုးရာစောင်းတူရိယာ
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၃)
**ချင်း(လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ပြောင်းဖူးခြောက်ပြုတ်နည်း
**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** လည်ပတ်ချင်စရာချင်ကျေးရွာ(အပိုင်း-၁)
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** မွန်ယဉ်ကျေးမှုပြတိုက်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ဝါးတုတ်ချက်နှင့်ရိုကင်းသုပ်
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** မိုးနဲဒေသလွယ်လျှန်းကျောင်းမှသမိုင်းဝင်လက်ရာများ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ဆန်တို့ဟူးပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကယားတိုင်းရင်းသားတို့ရဲ့ကယားလိုင်းအိုးရှိုး(ဒေါ်)တေး
**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)** သစ်ပင်ပေါ်မှာငွေရှိသည်

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ပြည်သူ့အကျိုးပြုထာဝစဉ်ရှေးရှု
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဟာရ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ မိုးရေကိုရွှေလိုစုလူပြုတဲ့သည်ဆည်ကန် ကျိုင်းသမ်းရေလှောင်တမံ
၀၇:၁၀ သက်ရှိလောကရေအဓိက
၀၇:၅၀ တစ်ပိုင်တစ်နိုင်ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း
၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
၀၉:၀၀ စာသင်ခန်းမှသည်လယ်တောဆီ
၀၉:၂၅ တောင်သူဦးကြီးဘဝမြှင့်တင်ဖို့ကြယ်ပဲသီးနှံစိုက်ကြစို့

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

❖ ကျောဖုံးမှ

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တဲကြီးကျေးရွာရှိ “စိတ္တသုခ”ဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးကုသလအား PDF အမည်ခံအကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲကာ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ဇူလိုင် ၁၁ ရက် ည ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တဲကြီးကျေးရွာရှိ “စိတ္တသုခ” ဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးကုသလ သက်တော်(၅၅) နှစ်၊ ဝါတော်(၃၅)ဝါသည် ကျောင်း၌သီတင်းသုံးနေထိုင်စဉ် PDF အမည်ခံအကြမ်းဖက်သမား လေးဦးက ကျောင်းဝင်းအတွင်းသို့ ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဆရာတော် ဦးကုသလအား “ဒလန်”ဟုစွပ်စွဲကာ သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် ဆရာတော်၏ လည်ပင်း၌ ကျည်ထိမှန်ဒဏ်ရာတစ်ချက်ရရှိကာ ပျံလွန်တော်မူခဲ့သည်။

**သံဃာတော် ၅၁ ပါး**

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၁ ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီးဖြစ်ကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ သံဃာတော်အား ဘုန်းကြီးကျောင်းအတွင်း ဝင်ရောက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ချောင်းဦးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး ၎င်းတို့၏တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးရုံသို့ပို့ဆောင်ပေးသည့် လူမှုကူညီရေးယာဉ်များအား ထပ်မံမိုင်းဆွဲတိုက်ခိုက်

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

**မိုင်းဆွဲတိုက်ခိုက်ခဲ့**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁၁ ရက် ညနေ ၄ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာအနီး မုံရွာ-မန္တလေး သွားကားလမ်း မိုင်တိုင်အမှတ် ၇၁ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံအကြား၌ ခရီးသည်တင်ယာဉ်တစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ “ရွှေသလ္လာ” ခရီးသည်တင်ယာဉ်သည် မုံရွာမြို့မှ ခရီးသည် ၁၂ ဦးတင်ဆောင်ကာ မန္တလေးမြို့သို့ မုံရွာ-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း လေးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်၏ရှေ့၊ နောက်၊ ဘေးလေကာမှန်များနှင့် ဘီးလေးလုံးစလုံးကွဲကာ ယာဉ်မောင်းကိုအောင်မိုးဟိန်း၊ အကူယာဉ်မောင်း ဦးလှဝင်းမောင်၊ ယာဉ်နောက်လိုက် ကိုရန်အောင်ထွန်းနှင့် ယာဉ်ပေါ်လိုက်ပါစီးနင်းလာသည့် ခရီးသည် ကိုးဦးတို့တွင် ပေါက်ကွဲစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း၊ အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လူမှုကူညီရေးယာဉ် ခုနစ်စီးဖြင့်တင်ဆောင်ကာ မုံရွာမြို့ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်စဉ် အခင်းဖြစ်စဉ် နေရာနှင့် ၁ ဖာလုံခန့်အကွာသို့ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးဖြင့် ထပ်မံဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် လူထိခိုက်မှုမရှိသော်လည်း လူမှုကူညီရေးယာဉ်တစ်စီး၏ အနောက်လေကာမှန်တစ်ချပ် ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် လမ်းမကြီးပေါ်၌ သွားလာနေသည့် ခရီးသည်တင် မော်တော်ယာဉ်များ၊ လူမှုကူညီရေးယာဉ်များကို လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်မှု ကျူးလွန်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ဦးဝင်းစိန် (ဒဏ်ရာရ)
ငြိမ်းတိုးအောင်(ဒဏ်ရာရ)
အောင်မိုးဟိန်း (ဒဏ်ရာရ)
ဦးကျန်အောင် (ဒဏ်ရာရ)
လှဝင်းမောင် (ဒဏ်ရာရ)
ငြိမ်းမိုးအောင် (ဒဏ်ရာရ)
မနန်းကေသီဝင်း (ဒဏ်ရာရ)
မဖြိုးသန္တာကျော် (ဒဏ်ရာရ)
မငြိမ်းငြိမ်းအိ (ဒဏ်ရာရ)
မစန္ဒာဇူဇင်မောင် (ဒဏ်ရာရ)
ရန်အောင်ထွန်း (ဒဏ်ရာရ)
ဦးဖိုးထီ (ဒဏ်ရာရ)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၆၀ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၀၅ | ၁၉၂၅ | ၁၉၁၀ | ၁၈၉၀ | ၁၉၈၅ | ၂၀၀၀ | ၁၈၉၅ | ၁၉၀၅ | ၁၉၄၀ | ၁၉၄၀ | ၁၉၄၅ | ၂၁၆၀ | ၂၆၆၅ |
| 95 Ron | ၁၉၃၀ | ၁၉၈၀ | ၁၉၇၅ | ၁၉၄၀ | ၁၉၇၅ | ၂၀၀၀ | ၁၉၈၅ | ၁၉၆၀ | ၂၀၅၅ | ၂၀၇၀ | ၁၉၇၀ | ၁၉၈၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၃၅ | ၂၇၂၅ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၆၀ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၀ | ၂၉၅၅ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၅ | ၂၃၀၅ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၆၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၅ | ၂၃၀၅ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၆၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၆၄ | ၁၈၃၃ |
| 95 Ron | ၁၈၃၄ | ၁၉၀၄ |
| HSD (500 ppm) | ၂၀၉၅ | ၂၁၆၆ |
| HSD (50 ppm) | ၂၁၅၀ | ၂၂၂၂ |
| HSD (10 ppm) | ၂၁၅၀ | ၂၂၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အေးချမ်းသာရပ်ကွက်နေသူများဖြစ်သည့် အိအိဖူး၊ မင်းမင်းချို နှင့် ကန်ကြီးရပ်ကွက်နေ သဇင်ဝင်းနီ တို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် “Ei Ei Phoo” Facebook အကောင့်၊ “Min Min Cho” Facebook အကောင့်နှင့် “Thazin Win Ni” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက်နေ ကျော်ဇေယျာခန့် (ခ) ဖိုးကျော်သည် ၎င်းအသုံးပြုသည့် “Phoe Kyaw” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ အနောက်ဘက်ရပ်ကွက်နေ ဇော်ဝင်းသည် ၎င်းအသုံးပြုသည့် “Zaw Win” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဿျောင်ရပ်ကွက်နေ တင်ဝင်းအောင်သည် ၎င်းအသုံးပြုသည့် “Tin Win Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**■ မန္တလေးတိုင်းဒေသကြီးမှ**

နေအိမ်သို့ ပြန်လာစဉ် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် နေအိမ်ရှေ့အရောက်၌ ၎င်းတို့၏ အနောက်မှလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးမှ အရှေ့မှပိတ်ရပ်ကာ အဆိုပါယာဉ်ပေါ်မှ အကြမ်းဖက်သမားအမျိုးသားလေးဦးက ဦးအောင်ကျော်ဦးတို့ စီးနင်းလာသည့် မော်တော်ယာဉ်မောင်းနှင်လာသည့် ၎င်း၏သမီးဖြစ်သူ မခင်ရတနာအောင်(၂၀)နှစ်ကို သေနတ်ဖြင့်တစ်ချက်ပစ်ခတ်ကာ ယာဉ်ပေါ်ပါသူများကို ယာဉ်ပေါ်မှ ဆွဲချ၍ Ertiga မော်တော်ယာဉ်နှင့် ယာဉ်ပေါ်တင်ဆောင်လာသည့် ငွေကျပ်သိန်း ၄၈၀၀ တို့ကို လုယူထွက်ပြေးသွားခဲ့သဖြင့် မခင်ရတနာအောင်တွင် ဝဲချိုင်းအောက် ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်ရရှိခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် ရရှိထားသောဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုကျူးလွန်ခဲ့သူများကို ဖမ်းဆီးရမိနိုင်ရေး ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရာ MDY 9Q-6272 SUZUKI Ertiga မော်တော်ယာဉ်အား လမ်း ၅၀ နှင့် ၁၀၇ လမ်းထောင့်၌ရပ်တန့်ထားသည်ကိုတွေ့ရှိရသဖြင့် ယာဉ်အတွင်းစစ်ဆေးရှာဖွေခဲ့ရာ ယာဉ်အတွင်းမှ ပလတ်စတစ်အိတ်အနက်ရောင်ဖြင့် ထုပ်ထားသည့် ငွေကျပ်သိန်း ၈၀၀ ခန့် ပြန်လည်တွေ့ရှိ သိမ်းဆည်းရရှိခဲ့ကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**○ အာဆီယံမှ**

အုပ်စုပထမနေရာအတွက် အဆုံးအဖြတ် ဖြစ်နေသည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းထက် ဂိုးကွာခြားချက်နည်းနေသဖြင့် အနိုင်ရမှသာ အုပ်စုပထမနေရာ ရယူနိုင်မည်ဖြစ်ပြီး သရေကျပါက ဗီယက်နမ်အသင်းက အုပ်စုပထမနေရာ ရယူနိုင်မည်ဖြစ်သည်။

တစ်ဖက်အုပ်စုတွင် ထိုင်းနှင့် အိမ်ရှင်ဖိလစ်ပိုင်အသင်းတို့က ဆီမီးဖိုင်နယ်တက်ရောက်ပြီးဖြစ်ရာ မြန်မာအသင်းအနေဖြင့် မည်သည့်အသင်းနှင့် တွေ့ဆုံစေကာမူ ပွဲကျပ်ကစားရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအမျိုးသမီးအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ပြီးဖြစ်သောကြောင့် ဗီယက်နမ်နှင့်ပွဲတွင် အမာခံကစားသမားအချို့အနားပေးပြီး ဆီမီးဖိုင်နယ်အတွက် လူချန်မလား၊ ဗီယက်နမ်ကို မဖြစ်မနေ အနိုင်ကစားပြီး အုပ်စုပထမနေရာရအောင် ကြိုးစားမလားဆိုတာ ဆုံးဖြတ်ရမည်ဖြစ်သည်။ မြန်မာနှင့် ဗီယက်နမ်အသင်းသည် မေလက ကျင်းပသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နောက်ဆုံးတွေ့ဆုံထားပြီး ဗီယက်နမ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အုပ်စု (က) ပွဲစဉ်များ ဇူလိုင် ၁၂ ရက်က ကျင်းပပြီးစီးသွားပြီး ထိုင်းအသင်းက ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ ဖိလစ်ပိုင်အသင်းက ၁၂ မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး သြစတြေးလျ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

# ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် Asean⁺ Police Music Festival သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲလေ့ကျင့်ရေးဌာနကြီး ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ သွားရောက်ဖျော်ဖြေ

နေပြည်တော် ဇူလိုင် ၁၂

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်သော Asean⁺ Police Music Festival သို့ သွားရောက်ဖျော်ဖြေရန် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးဌာနကြီး ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ ဒုတိယရဲမှူးကြီး ဇော်နိုင်ထွန်း ဦးစီးဖျော်ဖြေရေးအဖွဲ့ ၃၆ ဦးသည် ဇူလိုင် ၇ ရက် နံနက် ၇ နာရီတွင် မြန်မာ့အမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင်ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ဇူလိုင် ၈ ရက် နံနက် ၈ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးအဖွဲ့သည် ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်တို့နှင့်အတူ Outdoor Concert တွင် ဖျော်ဖြေမည့် Rice Drums နှင့် People's Public Security March သီချင်းနှစ်ပုဒ်အား စုပေါင်းတီးမှုတ်လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် ဟနွိုင်းမြို့ Thang Long Opera Hotel ၌ တက်ရောက်လာသော နိုင်ငံအသီးသီးမှ ရဲတီးဝိုင်းတာဝန်ခံကိုယ်စားလှယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး Ly Thai To ရင်ပြင်၌ ဖွင့်ပွဲအခမ်းအနားနှင့် လမ်းလျှောက်ချီတက်ဖျော်ဖြေမှုအစမ်းလေ့ကျင့်ခြင်းအား တက်ရောက်လာသောနိုင်ငံများအလိုက် လေ့ကျင့်ဆောင်ရွက်ခဲ့သည်။



ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Asean⁺ Police Music Festival ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တီးမှုတ်ကပြဖျော်ဖြေစဉ်။

ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ King Ly Thai To ရုပ်တုရှေ့တွင် ကျင်းပပြုလုပ်သော Asean⁺ Police Music Festival ဖွင့်ပွဲအခမ်းအနားနှင့် ဗီယက်နမ်နိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့၏ နှစ်(၈၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ အိမ်ရှင်ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ဂျပန်တို့မှ ရဲတပ်ဖွဲ့တီးဝိုင်းများနှင့်အတူ တက်ရောက်ခဲ့ပြီး Mini Concert ဖျော်ဖြေခြင်း၊ Hoan Kiem Lake (ဟုမ်းကီယမ်ရေကန်) ပတ်လမ်းတစ်လျှောက်ရှိ ပြည်သူလူထုအား ချီတက်ဖျော်ဖြေခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ဟနွိုင်းမြို့ မီလီယာဟနွိုင်းဟိုတယ်၌ ဗီယက်နမ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံကျွေးမွေးသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပါဝင်သည့်နိုင်ငံများမှ ဖျော်ဖြေရေးအဖွဲ့ဝင်များ အချင်းချင်း လက်ဆောင်ပစ္စည်းပေးအပ်ခြင်းများ ပြုလုပ်ခဲ့သည်။

ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီတွင် ဟနွိုင်းမြို့ King Ly Thai To ရင်ပြင်၌ Outdoor Concert အစမ်းလေ့ကျင့်တီးမှုတ်ခြင်းနှင့် ယင်းနေ့ ည ၈ နာရီ တွင် Outdoor Concert ဖျော်ဖြေပွဲ အခမ်းအနားအား တက်ရောက်လာသည့်နိုင်ငံများမှ အလှည့်ကျတီးမှုတ်ဖျော်ဖြေခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါဖျော်ဖြေပွဲသို့ ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတ Mrs. Dang Thi Ngoc Thinh၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် To Lam နှင့် ဌာနဆိုင်ရာအကြီးအကဲများက တက်ရောက်ချီးမြှင့်ခဲ့ပြီး ဗီယက်နမ်ပြည်သူလူထုတို့မှလည်း အားပေးကြည့်ရှုခဲ့ကြသည်။

ဇူလိုင် ၁၁ ရက် ညနေ ၅ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးဌာနကြီး ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ ဒုတိယရဲမှူးကြီး ဇော်နိုင်ထွန်း ဦးစီးဖျော်ဖြေရေးအဖွဲ့ ၃၆ ဦးသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၇ နာရီ ၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါဖျော်ဖြေရေးတပ်ဖွဲ့ဝင်များ မြန်မာနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ထွက်ခွာချိန်နှင့် ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲလေ့ကျင့်ရေးဌာနကြီးမှ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် ခင်မောင်အေး၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် ဝင်းမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် တာဝန်ရှိသူအရာရှိကြီးများက လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်းနှင့် ပြန်လည်ကြိုဆိုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်ထွက်ပေါ်

ရန်ကုန် ဇူလိုင် ၁၂

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းစုစုပေါင်း ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် မြန်မာ၊ သြစတြေးလျ၊ မလေးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။ ယင်းပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်မှ သြဂုတ် ၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၂၅ ရက်တွင် မလေးရှားအသင်း၊ ဇူလိုင် ၂၇ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇူလိုင် ၂၉ ရက်တွင် သြစတြေးလျအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် ဧပြီလကတည်းက စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပဏာမကစားသမား ၂၉ ဦး ရွေးချယ်ထားသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ယခင် ယူ-၁၆ လက်ရွေးစင်အသင်းမှ ကစားသမားများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ပြိုင်ပွဲများမှ အလားအလာရှိသူများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ-၁၈/ယူ-၁၉ အမျိုးသမီးပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပပြီး နောက်ပိုင်းနှစ်များတွင် ကျင်းပနိုင်ခြင်းမရှိဘဲ ယခုနှစ်မှ ဒုတိယအကြိမ် ပြုလုပ်ခြင်းဖြစ်သည်။

ကိုညီလေး



## မြန်မာအသင်း ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၂

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ ယူ-၁၉ အမျိုးသားအသင်းသည် သြဂုတ်လဆန်းပိုင်းတွင်ကျင်းပမည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဗီယက်နမ်အသင်းသည် စက်တင်ဘာလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုအဖြစ် ယခုဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပခြင်းဖြစ်သည်။အဆိုပါပြိုင်ပွဲကို သြဂုတ် ၅ ရက်မှ ၁၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကာ အိမ်ရှင်ဗီယက်နမ်အပါအဝင် မြန်မာ၊ အာရှထိပ်သီးအသင်းများဖြစ်သော ဂျပန်နှင့် ဆော်ဒီအာရေဗျအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြီးခဲ့သည့် ၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကစားသမားအနည်းငယ်သာ အပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်မည့်အသင်းများအနက် ဗီယက်နမ်အသင်းနှင့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုအဆင့်တွင် တွေ့ဆုံခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အရှုံးခံခဲ့ပြီး ဆော်ဒီအာရေဗျအသင်းနှင့် လာမည့်အာရှဖလား ခြေစစ်ပွဲတွင် တွေ့ဆုံနေသည်။

မြန်မာအသင်းသည် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် သြဂုတ်လ၌ ကျင်းပမည့် ပြည်တွင်းပြိုင်ပွဲဖြစ်သော MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၊ စက်တင်ဘာလတွင် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ-MFF

## တန်းတက်ဖူလ်ဟမ်အသင်းက မန်ယူအသင်းကွင်းလယ်လူ ပါရဲရားကို ခေါ်ယူ

ဖူလ်ဟမ်အသင်းဟာ မန်ယူအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ပါရဲရားကို စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ လန်ဒန်ကလပ် ဖူလ်ဟမ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံရှစ်ပြိုင်ပွဲမှာ အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်ပြိုင်ပွဲကို တန်းတက်ခွင့်ရရှိခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းက ပါရဲရားကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ပေမယ့် ပါရဲရားရဲ့ လုပ်ခလစာနဲ့ ပတ်သက်ပြီးတော့ ထုတ်ဖော် ပြောကြားခဲ့ခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဖူလ်ဟမ်အသင်းဟာ ကွင်းလယ်ကစားသမား ပါရဲရားကို ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ ဘရာဇီးကြယ်ပွင့် ပါရဲရားဟာ နည်းပြ မာကိုဆေးလ်ဗားရဲ့ ဖူလ်ဟမ်အသင်းနဲ့အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ အခုအပြောင်းအရွှေ့ကာလအတွင်းမှာ စပို့တင်းလစ္စဘွန်းအသင်းမှ ပေါ်တူဂီ ကွင်းလယ်ကစားသမား ပါလ်ဟင်ဟာကို ပြောင်းရွှေ့ကြေး ပေါင် ၁၇ သန်းနဲ့ ခေါ်ယူခဲ့ပြီးဖြစ်တာကြောင့် ပါရဲရားဟာ အခုအပြောင်းအရွှေ့အတွင်း ဖူလ်ဟမ်အသင်း ခေါ်ယူခဲ့တဲ့ ဒုတိယမြောက် ကစားသမားဖြစ်လာခဲ့ပါတယ်။

ပါရဲရားဟာ အသက် ၁၆ နှစ်အရွယ်မှာ မန်ယူအသင်းဆီ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီက ဘရာဇီးကလပ် ဖလာမန်ဂိုးအသင်းမှာ အငှားသွားရောက်ကစားခဲ့ရာ ပွဲစဉ်စုစုပေါင်း ၅၃ ပွဲမှာ သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ပါရဲရားဟာ ၂၀၁၆ ခုနှစ်မှာ မန်ယူအသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ကာ ဂရန်နာဒါအသင်း၊ ဗလင်စီယာအသင်းနဲ့ လာဇီယိုအသင်းတို့မှာ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့ရပြီး အိုးထရက်ဖို့ဒ်အတွက် ၇၅ ပွဲပါဝင်ကစားပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ငွေကြယ်

■

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၅၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၃၀,၉၁၅) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာစုစုပေါင်း (၆၁၃,၇၆၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၆၇၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ (၁၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၃၅) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၀၄) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၈၂၉) ခု | (၅) ဦး |
| **စုစုပေါင်း** | **(၄,၅၇၁) ခု** | **(၉) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၀၄၉၁၉၆၀ | ၈၆၀၂၆၄၄၁ | ၁၀၄၆၂၃၂ |
| ၂။ | အိန္ဒိယ | ၄၃၆၅၂၉၄၄ | ၄၂၉၉၆၄၂၇ | ၅၂၅၄၇၄ |
| ၃။ | ဘရာဇီး | ၃၂၉၄၀၅၀၇ | ၃၁၂၅၇၇၄၀ | ၆၇၃၈၁၄ |
| ၄။ | ပြင်သစ် | ၃၂၃၆၆၉၄၁ | ၃၀၁၂၆၄၅၃ | ၁၅၀၁၇၉ |
| ၅။ | ဂျာမနီ | ၂၉၁၈၀၄၈၉ | ၂၇၃၉၀၇၀၀ | ၁၄၂၀၃၅ |
| ၆။ | ဗြိတိန် | ၂၂၈၈၃၉၉၅ | ၂၂၂၇၉၅၂၀ | ၁၈၀၇၁၈ |
| ၇။ | အီတလီ | ၁၉၅၂၃၂၆၂ | ၁၈၀၅၀၀၁၁ | ၁၆၉၂၃၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၅၆၁၈၆၁ | ၁၈၂၈၈၃၃၂ | ၂၄၆၆၈ |
| ၉။ | ရုရှား | ၁၈၄၆၈၃၁၀ | ၁၇၈၉၄၀၆၅ | ၃၈၁၆၆၉ |
| ၁၀။ | တူရကီ | ၁၅၁၈၀၄၄၄ | ၁၅၀၃၅၇၂၇ | ၉၉၀၅၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၅၆၂၅၄ | ၉၇၈၀၀၇၂ | ၄၃၀၉၀ |
| ၂။ | အင်ဒိုနီးရှား | ၆၁၁၆၃၄၇ | ၅၉၃၇၆၂၅ | ၁၅၆၈၀၆ |
| ၃။ | မလေးရှား | ၄၅၉၈၃၉၁ | ၄၅၂၆၈၁၇ | ၃၅၈၁၆ |
| ၄။ | ထိုင်း | ၄၅၄၈၅၃၃ | ၄၄၉၄၀၃၄ | ၃၀၈၈၅ |
| ၅။ | ဖိလစ်ပိုင် | ၃၇၂၁၄၁၃ | ၃၆၄၆၃၀၉ | ၆၀၆၄၀ |
| ၆။ | စင်ကာပူ | ၁၅၃၄၇၉၉ | ၁၄၃၁၆၇၂ | ၁၄၃၂ |
| ၇။ | မြန်မာ | ၆၁၃၇၆၀ | ၅၉၂၆၇၁ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၃၈၆ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၇၆၆၈၂ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၃၇၄ | ၁၃၃၂၄၄ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခု၊ ယာဉ်စီးရေငါးစီးဖြင့် နှာခေါင်းစည်း ၃၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



# ခြင်ကျားအန္တရာယ်နှင့် သွေးလွန်တုပ်ကွေး ကူးစက်မှုပြဿနာ

မျိုးမြတ်မိုး (MANA)

မြန်မာနိုင်ငံသည် ခြင်မှတစ်ဆင့် ဖြစ်ပွားရသော ရောဂါဘယမျိုးစုံကို ပုံမှန်ခံစားရလေ့ရှိသည့် နိုင်ငံဖြစ်သည်။ ခြင်ကိုက်ခံရမှုကြောင့် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ငှက်ဖျားရောဂါနှင့် ဆင်ခြေထောက်ရောဂါတို့ကို ခံစားရလေ့ရှိသည်။ သက်ဆိုင်ရာကျန်းမာရေးဌာနများက မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ထုတ်ပြန်ထားပြီးဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး သယ်ဆောင်ထားသော နေ့အချိန်တွင် ကိုက်လေ့ရှိသည့် ခြင်ကျားကြောင့်ဖြစ်သည်။ ဂျပန်ဦးနှောက်ရောင်ရောဂါသည် ညနေစောင်း နေဝင်ရီတရောအချိန်တွင် ကိုက်လေ့ရှိသည့် ရောဂါပိုးသယ်ဆောင်သော ကျူးလက်စ်ခြင်အကိုက်ခံရခြင်းမှတစ်ဆင့် လူများအား ရောဂါကူးစက်ပျံ့နှံ့စေသည်။ ခြင်ကိုက်မခံရစေရန် နည်းမျိုးစုံဖြင့် ကြိုတင်ကာကွယ်လေ့ရှိသည်။ ခြင်ဆေးခွေများ ထွန်းညှိခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ခြင်ဆေးခွေကြောင့် ခြင်အကိုက်ခံရခြင်းမှ သက်သာရာရရှိသော်လည်း လူအများစုမှာ ခြင်ဆေးခွေထွန်းညှိရာမှ ထွက်ပေါ်လာသော အခိုးအငွေ့အန္တရာယ်ကို သတိပြုမိလေ့မရှိပေ။

### အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ကမ္ဘာတစ်ဝန်း ထုတ်လုပ်နေကြသော အချို့သောခြင်ဆေးခွေများတွင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သော မီပါဖလူသရင် (Meperfluthrin)ပိုးသတ်ဆေး ပါဝင်ရမည့်ပမာဏထက် ကျော်လွန်ပါဝင်နေကြောင်း ဆိုထားသည်။ ခြင်ဆေးခွေ၏အခိုးအငွေ့သည် လူတို့၏ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ပါသည်။ ခြင်ဆေးခွေအချို့တွင် ဓာတုပိုးသတ်ဆေးများ အနက် အပြင်းထန်ဆုံးဟု သတ်မှတ်ထားသော S2 ပိုးသတ်ဆေး၊ လွှစာမှုန့်၊ ဗိုက်တာကော်၊ ဆိုးဆေးနှင့် ဓာတုအမွှေးအကြိုင်တို့ ပါဝင်လေ့ရှိသည်။ ဓာတုအဆိပ်တစ်မျိုးဖြစ်သည့် ဘန်ဇိုင်းကာစီနိုဂျင်လည်း ပါဝင်လေ့ရှိရာ ယင်းအဆိပ်အခိုးအငွေ့များသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ရိုးတွင်းခြင်ဆီအထိ ရောက်ရှိသွားနိုင်သည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်ပွားစေနိုင်သည်။ နုနယ်သောကလေးငယ်များအနီးတွင် ခြင်ဆေးခွေထွန်းညှိခြင်းသည် အသက်အန္တရာယ်ကို အချိန်မရွေးဖြစ်စေနိုင်ကြောင်း ဆေးပညာရှင်များက မှတ်ချက်ပြုကြသည်။ ဒေသအချို့တွင် ညအိပ်စဉ် တိုက်ခန်းတံခါး၊ အိပ်ခန်းတံခါးများ အလုံပိတ်ကာ ခြင်ဆေးခွေထွန်းညှိ၍ အိပ်စက်တတ်သည့် အလေ့အထကြောင့် အသက်ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရသည့် သာဓကများစွာရှိခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့ရှိ ဆေးခန်းအချို့၌ လာရောက်ပြသသော ကလေးလူနာအများစုတွင် သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ တွေ့ရှိနေရကြောင်း အထွေထွေရောဂါကုဆရာဝန်တစ်ဦးက ပြောကြားသည်။ "လတ်တလောကတော့ အဖျားအလွန်ကြီးတယ်။ သွေးလွန်တုပ်ကွေးဖြစ်တဲ့သူများတယ်။ ကလေးငါးဦးမှာ နှစ်ဦးလောက်က သွေးလွန်တုပ်ကွေးဖြစ်နေတယ်။ သွေးလန့်တာက ဖျားပြီး သုံးရက်ကနေ ငါးရက်အတွင်းမှာ ခန္ဓာကိုယ်ရဲ့သွေးကြောထဲမှာရှိတဲ့ သွေးရည်ကြည်က အပြင်ကိုထွက်သွားတယ်။ အဲဒီအခါသွေးလည်ပတ်မှုမကောင်းတော့ဘူး။ အဲဒီလိုဖြစ်တဲ့အချိန်မှာ ကလေးက အဖျားကတော့ကျသွားတယ်။ မလန်းဆန်းဘူး၊ မှိန်းနေတယ်၊ မစားဘူး၊ မသောက်ဘူး၊ ဗိုက်နာတယ်၊ ကလေးကြီးတွေမှာဆိုရင် မူးပြီးလဲတာတွေရှိတယ်။ ဆရာဝန်တွေအနေနဲ့စမ်းသပ်ကြည့်ရင် သွေးခုန်နှုန်းက မြန်လာတယ်။ အပေါ်သွေးနဲ့ အောက်သွေးက ၂၀ အောက်ပဲကွာတော့တယ်။ ဒီထက်ဆိုးရွားရင် ကလေးက ခြေလက်တွေ အေးစက်လာတယ်။ ဒီထပ်မှိန်းသွားတယ်၊ ကယောင်ကတမ်းဖြစ်တယ်၊ သွေးလန့်တဲ့အချိန်က လူတိုင်းမှာမဖြစ်ဘူး။ ပြင်းထန်တဲ့လူတွေမှာဖြစ်တယ်။ သွေးလန့်တာကို စောစောသိဖို့လိုတယ်။ စောစောသိမှ လိုအပ်တဲ့အကြောဆေးကို ထည့်ပေးရမယ်။ သွေးလန့်တဲ့အချိန်က တိုတိုနဲ့မြန်မြန်ကောင်းလေလေ ကလေးကုသမှုရဲ့ အကျိုးကျေးဇူးကရှိတာပါ။ သွေးလွန်တုပ်ကွေးနဲ့ အသက်ဆုံးရှုံးရတာက သွေးလန့်ချိန်ကြာသွားရင်ဖြစ်တယ်"ဟု

> သွေးလွန်တုပ်ကွေး၏အဓိကပြဿနာမှာ သွေးလန့်ခြင်းဖြစ်ပြီး သွေးလန့်ခြင်းကို စောစောသိရှိရန်လိုအပ်ကြောင်း ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာစောဝင်းက သွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာ အမေးအဖြေကဏ္ဍတွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနှုန်းသည် ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၉ ရက်နေ့အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၅၆၂ ဦးရှိပြီး သေဆုံးသူ ၁၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ သွေးလွန်တုပ်ကွေးကပ်ရောဂါအသွင် ဖြစ်ပွားမှုမှာ နှစ်နှစ်တစ်ကြိမ်(သို့)သုံးနှစ်တစ်ကြိမ် ဖြစ်ပွားလေ့ရှိကြောင်းနှင့် မြန်မာနိုင်ငံတွင် ၂၀၁၁၊ ၂၀၁၃၊ ၂၀၁၅၊ ၂၀၁၇ ခုနှစ်များတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်း များပြား

ပါမောက္ခဒေါက်တာစောဝင်းက ပြောကြားသည်။

### သွေးလွန်တုပ်ကွေးကပ်ရောဂါအသွင်ဖြစ်ပွားမှု

သွေးလွန်တုပ်ကွေး၏ အဓိကပြဿနာမှာ သွေးလန့်ခြင်းဖြစ်ပြီး သွေးလန့်ခြင်းကို စောစောသိရှိရန်လိုအပ်ကြောင်း ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာစောဝင်းက သွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာ အမေးအဖြေကဏ္ဍတွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနှုန်းသည် ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၉ ရက်နေ့အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၅၆၂ ဦးရှိပြီး သေဆုံးသူ ၁၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ သွေးလွန်တုပ်ကွေးကပ်ရောဂါအသွင် ဖြစ်ပွားမှုမှာ နှစ်နှစ်တစ်ကြိမ် (သို့) သုံးနှစ်တစ်ကြိမ် ဖြစ်ပွားလေ့ရှိကြောင်းနှင့် မြန်မာနိုင်ငံတွင် ၂၀၁၁၊ ၂၀၁၃၊ ၂၀၁၅၊ ၂၀၁၇ ခုနှစ်များတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်း များပြားခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါကို သယ်ဆောင်သည့် ခြင်ကျားသည် နေအိမ်တွင်းနှင့် နေအိမ်ပတ်ဝန်းကျင်ရှိ ရေကြည်ရေသန့်တွင် ပေါက်ဖွားခြင်းဖြစ်သည့်အတွက် လက်တွေ့ကျပြီး ထိရောက်သောနည်းဗျူဟာများကိုသုံးကာ ခြင်ပေါက်ဖွားရန်နေရာများ လုံးဝမရှိအောင် ဆောင်ရွက်ပါက သွေးလွန်တုပ်ကွေးရောဂါဖြစ်ရန် အကြောင်းမရှိပါ။ ခြင်ဥမှ လောက်လန်းပေါက်ဖွားခြင်းနှင့် သက်ကြီးခြင်ကျားကောင်အဖြစ်သို့ ရောက်ရှိခြင်းမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနည်းဗျူဟာများအပြင် ပန်းအိုး၊ ရေအိုး စသည်တို့၏ အတွင်းနံရံများကို ပွတ်တိုက်ဆေးကြောခြင်းပြုလုပ်မှသာ ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်သည်။ နေအိမ်ပတ်ဝန်းကျင်တွင် ရေကြည်ရေသန့် ခိုအောင်းနိုင်သည့် နေရာများကို ဖယ်ရှားရှင်းလင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းတို့ ပြုလုပ်မှသာလျှင် ရောဂါဖြစ်ပွားမှုများ သိသာစွာကျဆင်းလာမည်ဖြစ်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် အူရောင်ငန်းဖျားရောဂါများအား လက်ကို စင်ကြယ်စွာဆေးကြောခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုကောင်းမွန်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေနှင့် အစားအသောက်ကို စားသုံးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှုကောင်းခြင်းတို့ဖြင့် ကာကွယ်နိုင်သည်။ ကိုဗစ်-၁၉ ပညာရေးနှီးဆော်မှုကြောင့် ယခုအခါ ပြည်သူများတွင် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ၊ ကာကွယ်ရေးအတွက် အသိပညာဗဟုသုတများ ယခင်ကထက် ပိုမိုကြွယ်ဝလာပြီဖြစ်သည့်အတွက် ရာသီတုပ်ကွေးရောဂါကိုလည်း အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်မည်ဟု မျှော်လင့်ရသည်။ သွေးလွန်တုပ်ကွေးဖြစ်ပွားပုံမှာ ရုတ်တရက် အဖျားကျကာ ခြေများ၊ လက်များ အေးစက်ခြင်း၊ မှိန်းခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ အစာမစားခြင်း၊ ရေမသောက်ခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ ဗိုက်နာခြင်း၊ မကြာခဏအန်ခြင်း၊ ဆက်တိုက်အန်ခြင်း၊ အန်ဖက်ထဲတွင် ကော်ဖီအရောင်ဖြစ်ခြင်းနှင့် အမည်းအဖက်များပါခြင်း စသော သွေးလန့်သည့်လက္ခဏာတစ်ခုခု ဖြစ်ပေါ်ပါက ဆေးရုံသို့ အမြန်ဆုံးပို့ရန် ကျန်းမာရေးဌာနက အသိပေးနှိုးဆော်ထားသည်။

### ကာကွယ်နိုင်သည့် နည်းလမ်းများ

အစားအစာ မသန့်ရှင်းခြင်း၊ ယင်နားအစာစားခြင်းနှင့် လက်မသန့်ရှင်းခြင်းတို့ကြောင့် ဖြစ်ပွားသည်။ ကလေးများ လက်မဆေးဘဲစားမိခြင်း၊ အလျူအတန်းများမှာ ချက်ပြုတ်ရာတွင် သန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားတတ်သည်။ ကာကွယ်နိုင်သည့် နည်းလမ်းများမှာ ယင်လုံအိမ်သာအသုံးပြုခြင်း၊ ယင်ကောင်ပေါက်ပွားမှုမရှိစေရန် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ အစားအသောက်များကို ယင်မနားစေရန် ဖုံးအုပ်ထားခြင်း၊ ရေကိုကျိုချက်သောက်ခြင်း၊ ဆပ်ပြာနှင့် လက်ဆေးခြင်းတို့ဖြစ်သည်။ အော့အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊ အင်အားကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပွားလျှင် အသက်သေဆုံးသည်အထိ ဖြစ်ပေါ်နိုင်သည်။ ရောဂါဖြစ်ပွားပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ကာ ဆေးကုသမှုခံယူသင့်သည်။ နမိုးနီးယား(ခ)အဆုတ်ရောဂါ(ခ)အဆုတ်ရောင်ရောဂါသည် မိုးရွာသည့်အခါ ရေထဲမှာ လမ်းလျှောက်ခြင်း၊ ရေထဲတွင် အနေကြာသည့် ကလေးငယ်များ နမိုးနီးယားရနိုင်ကြောင်း သိရသည်။ အသက်ရှူကျပ်ခြင်း၊ အသက်ရှူ မဝခြင်း၊ လက်များနှင့် နှုတ်ခမ်းများ ပြာခြင်းတို့ ဖြစ်ပွားပါက အချိန်မီ ဆေးဝါးကုသမှုခံယူရန် လိုအပ်သည်။

မြန်မာနိုင်ငံရှိ အသက် ငါးနှစ်အောက်ကလေး သေဆုံးမှု ၁၂ ရာခိုင်နှုန်းသည် အသက်ရှူလမ်းကြောင်း ရောဂါပိုးဝင်ခြင်းနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့်ဖြစ်သည်ဟု ကျန်းမာရေးစစ်တမ်းများတွင် ဖော်ပြထားသည်။ ကမ္ဘာတစ်ဝန်း အဆုတ်ရောင်ရောဂါကြောင့် စက္ကန့် ၂၀ တိုင်း၌ ကလေးတစ်ဦးနှုန်း သေဆုံးနေရပြီး မြန်မာနိုင်ငံတွင် အရှင်မွေးကလေးတစ်ထောင်လျှင် ၁၀ ဦးနှုန်းခန့် တစ်နှစ်မပြည့်မီသေဆုံးနေရကာ ငါးနှစ်အောက်ကလေးသူငယ်များ သေဆုံးနှုန်းမြင့်မားသည့်ရောဂါဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ နမိုးနီးယား(ခ) အဆုတ်ရောင်ရောဂါသည် ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားသောရောဂါတစ်မျိုးဖြစ်သည်။ ဆေးလိပ်ငွေ့၊ မီးသွေးငွေ့၊ မော်တော်ကားအိတ်ဇောငွေ့နှင့် စက်ရုံမီးခိုးငွေ့ စသည့်လေထုညစ်ညမ်းမှုများကြောင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ပိုးဝင်ရာမှ ကူးစက်တတ်ပြီး ယင်းပိုးသယ်ဆောင်ထားသူ ချောင်းဆိုးရာမှ ကူးစက်နိုင်သည်။

### ခြင်ဆေးခွေ၏အန္တရာယ်

၁၈၉၀ ပြည့်နှစ်က ဂျပန်စီးပွားရေးသမား အီချီယို ယူရီရှီးမားစတင်တီထွင်ခဲ့သော ခြင်ဆေးခွေသည် ခြင်များမလာစေရန် ဟန့်တားနိုင်သော်လည်း ယခုအခါ အနီးပတ်ဝန်းကျင်ရှိ လူသားများအတွက် ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်စေကြောင်း သိမြင်မှုများ တဖြည်းဖြည်းကျယ်ပြန့်လာပြီဖြစ်သည်။ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို ဆိုးရွားစွာဖြစ်ပေါ်လာစေနိုင်သည့် ခြင်ဆေးခွေ၏အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများမှ တရားမဝင်တင်သွင်းလာသည့် ခြင်ဆေးခွေများကို တားဆီးပိတ်ပင်ခြင်း၊ ပြည်တွင်းထုတ်ခြင်ဆေးခွေများတွင် ဖော်ပြထားသည့် ဓာတုအဆိပ်ပစ္စည်းအမျိုးအစားနှင့်ပမာဏတို့ မှန်ကန်မှု ရှိ၊ မရှိကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းတို့ကို အလေးထားလုပ်ဆောင်သင့်သည်။ အများပြည်သူတို့အနေဖြင့်လည်း ခြင်ဆေးခွေ၏အခိုးအငွေ့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများကို အထူးသတိပြုကြရန် လိုအပ်သည်။

ရောဂါပြင်းထန်လျှင် ၂၄ နာရီအတွင်း သေဆုံးနိုင်ပြီး ချောင်းဆိုးရုံသာမက အဖျားကြီးခြင်း၊ ရင်ဘတ်အောက်ချိုင့်ဝင်ခြင်း၊ နို့မစို့ခြင်း၊ တက်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း စသည့်လက္ခဏာများပြလျှင် ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ကာ ကုသမှုခံယူရန် လိုအပ်သည်။ မိုးရာသီတွင် ဖြစ်ပွားတတ်သောသွေးလွန်တုပ်ကွေးနှင့် အခြားရောဂါများ မဖြစ်ပွားရလေအောင် ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# အသံတိတ်နဲ့ ကျိတ်ငိုသည်

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**



(ယခင်အပတ်မှအဆက်)

"သားရယ်၊ ဇနီးမယားဆိုတာ ကိုယ့်ခင်ပွန်းလုပ်စာကို ရချင်ကြတယ်၊ သုံးချင်ကြတယ်၊ ကိုယ်တိုင်ကိုင်ချင်ကြတယ် ငါ့သားရဲ့၊ ယောကျ်ားကိုယ်တိုင်ကထုတ်ပေးတဲ့ငွေကို ကိုယ်တိုင်လက်ဖဝါးနဲ့ ခံယူချင်ကြတယ်ကွယ့်၊ သွားသွား၊ အမေ့သမီးကို သွားပေးလိုက်ပါ"တဲ့ အမေက ပြောတာပေါ့။

"ဟာအမေရယ်၊ ရှေးကတည်းက အမေ့ကိုပဲ အပ်ခဲ့တာပဲ၊ အခုမှအဆန်းလုပ်လို့ အမေရှာပေးတဲ့ အမေ့သမီးပဲ၊ ဘာမှမဖြစ်ပါဘူး အမေရယ်"

"ဩော်အမေ့သားက မသိသေးပဲကိုး၊ အမေကိုယ်တိုင် အိမ်ထောင်ကျပြီးခါစ မင်းအဖေပေးတဲ့ ပထမဆုံးဝင်ငွေကို ရတုန်းကဆိုရင် အို အခုပြောရင်းတောင် ဝမ်းသာစိတ်ပြန်ဖြစ်လာတယ်၊ အင်းမင်းအဖေကို သတိရတဲ့စိတ်ကလည်း ပေါ်လာသေးတယ်သားရယ်၊ သမီးကိုပဲ အပ်လိုက်ပါကွယ်"။

"အို ဒီလိုဆိုလည်း အမေ့သဘောပဲ၊ အမေ့လက်ထဲထည့်ခဲ့မယ်၊ အမေပေးချင်သလိုသာ အမေပေးလိုက်တော့"တဲ့။ သားက အမေ့လက်ထဲကို ငွေထုပ်ကြီး ထိုးထည့်သွားတယ်လေ။

ပြဿနာဆိုတာ အကြောင်းမရှိဘဲ မပေါ်ပါဘူး၊ သူ့အကြောင်းနဲ့သူရှိမှ ပေါ်တာပါပဲ။

အခုလည်း ကြည့်လေ၊ "မေမေ-မေမေ"ကနေ "အမေ" ဖြစ်လာခဲ့ပြီ။ ဟော တစ်လ၊ နှစ်လကြာတော့ "မေမေ"အသံ မရှိတော့ဘူး၊ "အမေ"ဆိုတာတောင် မခေါ်ချင့်ခေါ်ချင်ခေါ်နေတဲ့ လေသံဖြစ်လာတယ်။

အမေဖြစ်တဲ့သူက သားရဲ့လုပ်စာကို အကုန်လုံး ချွေးမကိုအပ်တာပါပဲ၊ ဒါပေမဲ့ ယောက္ခမလက်ကမှ တစ်ဆင့်ရလို့ မကျေနပ်တဲ့ သဘောပေ့ါ။ ဝင်ငွေရတာချင်းအတူတူ ဘာထူးလဲလို့ပြောရင်ဘာမှမထူးပါဘူးလေ၊ အခုတော့ တဖြည်းဖြည်းထူးလာတော့တာပေ့ါ။

"မေမေ"ကနေ "အမေ" ဟော လေး၊ ငါး၊ ဆယ်လ၊ တစ်နှစ်လောက်ရောက်တော့ "အမေ"ကနေ "အဒေါ်" အဆင့်ရောက်သွားတယ်၊ နောက်"အဒေါ်"ကနေ မမြင်ကွယ်ရာမှာ"အဖွားကြီး"လို့ ပြောလာတယ်။ နောက်မကြားတကြားပြောလာတယ်လေ၊ ဒါဟာသဘာဝပဲလို့ ပြောကြရင် ဘယ်လောက်ကြောက်စရာကောင်းတဲ့သဘာဝလည်းလို့၊ ဒီလိုတော့ မဖြစ်ကြစေချင်ပါဘူး။

ဒါပေမဲ့ တော်သေးတယ် ပြောရဦးမယ် "ကောင်မ"လို့ ကက်ကက်လန်ခံပြီး ရန်မလုပ်ရင်တော်သေးတာပေ့ါ။

ဒီလိုနဲ့ နေလာလိုက်ကြတာ အမေလုပ်တဲ့သူက အဘွားအို စာရင်းထဲသွင်းရမယ့်အရွယ်ရောက်လာပြီလေ၊ ချွေးမကလည်း တစ်အိမ်လုံး သူ့လက်သူ့ခြေဖြစ်နေတော့တာပေ့ါ။

"သမီးရေ၊ ထမင်းပူပူလေးစားချင်လိုက်တာကွယ်"လို့ လေသံပျော့ပျော့လေးနဲ့ ပြောရင် "ထမင်းအိုးနပ်ပြီးလို့ အိုးပေါ်က ချတာနဲ့တစ်ပြိုင်နက် ပန်းကန်ထဲခူးထည့်၊ ရှော့ဆိုပြီး စားခိုင်းတော့တာပဲ" အမေလုပ်သူက စားဖို့နေနေသာသာ လက်နဲ့တောင် မထိနိုင်ပါဘူး၊ ပူလိုက်တာ လွန်ရော။

"အရပ်ကတို့ရေ၊ ဟောဒီမှာ အဘွားကြီးက ထမင်းပူပူစားချင်လို့"တဲ့ ဒီလောက်အလုပ်ရှုပ်ရတဲ့အထဲ အရှုပ်ထပ်ပေးသေးတယ်လို့ အိမ်နီးနားချင်းတွေမကြားကြားအောင်အော်ပြီးပြောလိုက်သေးတယ်။

တစ်ခါတစ်ရံ "သမီးရေ၊ ရင်လေးအေးသွားအောင် ထမင်းအေးအေးလေးစားချင်လိုက်တာ"လို့ ပြောရင် "အရပ်ကတို့ရေ၊ ထမင်းအေးစားချင်ပြန်ပြီတဲ့၊ ရင်ပူလို့တဲ့၊ သူများ ကျွေးစာမွေးစာ အားမနာတမ်းလက်ဆေးစားနေတဲ့သူကများ ရင်ပူလို့တဲ့ အံ့များအံ့ပါရဲ့"လို့ အသံကျယ်ကျယ်နဲ့ပြောလေ့ရှိပါတယ်။

တစ်ဆက်တည်း ညကကျန်တဲ့ ထမင်းကြမ်းခဲကြီးကို သံပန်းကန်ပြားထဲထည့်ပြီး "ရှော့အင့်ဆို့" ဆောင့်ချပေးလိုက်တယ်လေ။ ဘယ်လောက်ကြောက်စရာကောင်းလိုက်သလဲ။

"ဆေးပေးမီးယူ"တို့၊ "ကူဖော်လောင်ဖက်"တို့ဆိုတဲ့စကားတွေကို နည်းနည်းတော့ နားလည်လာလောက်ပြီ ထင်ပါတယ်။

အခုတရားဟောတဲ့အခါ ရှေးရှေးဘုရားရှင်လက်ထက်ကလို အပြောအဆို၊ အသုံးအဆောင်တွေအစား အခုခေတ်အပြောအဆိုတွေ၊ အသုံးအဆောင်တွေနဲ့ နားလည်အောင် ဟောပေး၊ ပြောပေးနေတာပါ။ နားလည်စေဖို့ ပုံပေါ်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါပဲ။

အခုဇာတ်တော်ထဲမှာပါတဲ့ အဲဒီချွေးမအကြောင်း ချွေးမရဲ့လုပ်ပုံကို ပြောပြပါဦးမယ်။

တစ်နေ့"သမီးရယ် အမေလေ ညက အိပ်လို့မပျော်ပါဘူး၊ ကြမ်းပိုးတွေ ကိုက်လိုက်တာလွန်ပါရောကွယ်၊ ခုတင်ကို ကြမ်းပိုးချပေးပါဦး"တဲ့၊ ဟုတ်သားပဲ အမေအိုကမှ ခုတင် မသယ်နိုင်ဘဲကိုး။

"ဟောဒီမှာ အရပ်တကာတို့ရေ၊ ယောကျ်ားအလုပ်ကတစ်ဖက်၊ အိမ်မှုကိစ္စကတစ်ဖက်၊ ဟောဒီမှာ ယောက္ခမအဘွားကြီး အလုပ်ကတစ်ဖက် ကြည့်ပါဦးတော့၊ ကျုပ်ကိုများ သူတို့အိမ်ရဲ့ ဘုံကျွန်ထင်နေကြတယ်တော့"တဲ့၊ အိမ်နီးနားချင်းတွေကြားအောင် အော်ပြီးပြောတယ်လေ။

သူက အော်ကြီးဟစ်ကျယ် အော်ဝံ့တာပေ့ါ။ ယောကျ်ားကလည်း အလုပ်သွားတယ်လေ၊ နောက်ဘယ်သူ့မျက်နှာကိုမှ ထောက်စရာမလိုဘဲကိုး။

ဟိုအော် ဒီအော် အော်ပေမယ့် အိမ်နီးချင်းတွေမြင်အောင်တော့ အဘွားကြီးရဲ့ခုတင်တွေကို ထုတ်၊ ဖျာတွေကိုဖြုတ်ပြီး နေထုတ်လှန်းတယ်လေ။ နောက်ပြီး သူတို့ရဲ့ နှစ်ယောက်အိပ်ခုတင်ကြီးကိုလည်း နေထုတ်လှန်းတာပေ့ါ။

ဒီလိုနဲ့ ညနေချမ်းရောက်တော့ နေအေးတာနဲ့ ခုတင်တွေကို ပြန်သိမ်းတာပေ့ါ။ ပထမသူတို့ရဲ့ ခုတင်ကို တုတ်နဲ့ရိုက်တယ်၊ ဆောင့်ခါတယ်၊ ဖျာတွေအခင်းတွေကိုလည်း ကြမ်းပိုးတွေ ထွက်ကျလာအောင်ရိုက်ချပါတယ်။

မြေကြီးပေါ်ကိုသာ ရိုက်ချလေ့ရှိကြပေမယ့် သူကတော့ သူ့ယောက္ခမခုတင်ပေါ်၊ ဖျာတွေပေါ် ရိုက်ချပါတယ်။ ကြမ်းပိုးတွေက ယောက္ခမရဲ့ ခုတင်ပေါ်၊ ဖျာတွေပေါ် ကျကုန်တော့တာပေ့ါ။

နောက်နေ့မနက်ရောက်တော့ "သမီးရယ်၊ ဘယ်လိုဖြစ်သလဲ မသိပါဘူး၊ ညကမှ ပိုပြီးဆိုးလိုက်တာ၊ တစ်ညလုံး ထထိုင်နေရတယ်။ ခုတင်မှာ ကြမ်းပိုးလေးတွေ ကြည့်ပေးပါဦးကွယ်၊ အမေ့မျက်စိက မှုန်နေလို့ပါ"တဲ့။

"ဟော ကြည့်ကြပါဦး တော်တို့ရေ" ဆိုပြီး ခုနစ်သံချီနဲ့ ရွာထဲကြားအောင် အော်တော့တာပါပဲ။ မကြားဝံ့ မနာသာတွေရော ပါလာတော့တာကိုး။

အဲဒီလိုနဲ့ပဲ ယောက္ခမအဘွားကြီးဟာ ချွေးမနဲ့ စိတ်ဆင်းရဲဖြစ်ပြီး နေလာခဲ့တာ လတောင်မက နှစ်တွေဘက်ကူးလာခဲ့ပါတယ်။

ချွေးမလုပ်သူဟာ အဘွားကြီး ထမင်းမစားခင်လည်း ဆူလို့၊ ဆောင့်လို့ စားနေတုန်းစားပြီးရင်လည်း ဆူလို့၊ ဆောင့်လို့ပါပဲ။

တစ်နေ့ လင်တော်မောင်ပြန်လာခါနီး အဘွားကြီးကို ထမင်းထည့်ကျွေးတယ်လေ၊ ထမင်းစားအပြီး ပန်းကန်ထဲမှာကျန်တဲ့ ထမင်းတွေ၊ ဟင်းတွေကို အကုန်လုံး ကြမ်းပြင်ပေါ်ကျဲဖြန့်ထားတယ်လေ။ သေချာလုပ်တာပေ့ါ။

"ဘယ်လိုလဲနှမရယ်၊ တစ်အိမ်လုံးလည်း ထမင်းလုံးတွေ ပြန့်ကျဲနေတာပါလား"လို့ ခင်ပွန်းယောကျ်ားက ပြန်လာလာချင်း မြင်ရတဲ့မြင်ကွင်းကြောင့် မေးတော့တာပေ့ါ။

"မောင်ကြီးရယ်၊ အဲဒါသာ ကြည့်ပါတော့၊ တစ်နေ့လည်းမဟုတ် တစ်ရက်လည်းမက ဒီလိုချည်းပါပဲ။ အဲဒါ နှမလေးလည်း တစ်အိမ်လုံး သိမ်းဆည်းပေမယ့် ဘယ်ပြီးနိုင်တော့မလဲ၊ နှမလေးနေရာကိုသာ စိတ်ကူးနဲ့ နေကြည့်ပါတော့"တဲ့ အခုပဲ ငိုတော့မလို မျက်နှာနဲ့ သနားစရာအသံကို လုပ်ယူပြီး ပြောတာပေ့ါ။

"ဩော် အမေက ငါနဲ့နေလာတာ ငယ်ငယ်ကတည်းက ခုထိပါပဲ၊ စည်းကမ်းလည်းရှိလိုက်တာ၊ အခု အသက်အရွယ်ကြီး၊ မျက်စိကမှုန်တယ်ဆိုပေမယ့် ဒီလောက်ထိတော့ မဆိုးသေးပါဘူး" လို့ သားလေးက သိတာပေ့ါ။

တစ်နေ့လာလည်း ဒီလို၊ တစ်ရက်လာလည်း ဒီလိုဆိုတော့ သားယောကျ်ားလေးဖြစ်တဲ့သူက "ဘယ်လို ဖြစ်တာလဲကွာ နေ့တိုင်း ဒီလိုချည်းပဲဖြစ်နေတာ ကြည့်လဲလုပ်ပါဦး"လို့ ပြောတာပေ့ါ။

"အဲဒါပဲပေ့ါ၊ တွေ့တဲ့အတိုင်းပဲ၊ တော်က ခဏလေးလောက် တော့်အမေနဲ့နေရတာ။ ကျွန်မက တစ်နေကုန် တစ်နေခန်း ဘယ်လောက်ဒုက္ခရောက်ရသလဲ၊ စဉ်းစားကြည့်ပေ့ါ"

"အဲဒါကြောင့် ကျုပ်ပြောပြောနေတာ၊ တော့်အမေနဲ့အတူမနေချင်တော့ဘူး"လို့ ကျုပ်ကတော့လေ အမြဲတမ်းအထုပ်ထုပ်ထားတယ်၊ ကဲ ရှင့်ရဲ့သဘောသာ ပြောပေတော့။ "ဟ ဘာပြောရမလဲ"

"ကဲ ဘာပြောရမလဲဆိုရင် ကျုပ်နဲ့နေမလား၊ တော်အမေနဲ့နေမလား၊ ကနေ့ သေသေချာချာပြောပေတော့၊ ကျုပ်ကတော့ ပြတ်ပြတ်ပဲ၊ ကဲ ရှင်ဆုံးဖြတ်ပေ့ါ"

ဟောမိန်းမလုပ်သူက ယောက္ခမရဲ့အပြစ်တွေ မဖြစ်ဖြစ်အောင် လုပ်လို့ပြောလို့၊ နောက်ဆုံးတော့ သူ့ယောကျ်ားကို ပြောပြီလေ။ သူနဲ့နေမလား၊ ယောက္ခမနဲ့နေမလားတဲ့။ ယောက္ခမကို မောင်းထုတ်ချင်တဲ့သဘောပေ့ါ။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အသံတိတ်နဲ့ ကျိတ်ငိုသည်စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂)

**ဦးမင်းဟန်(ဘီအေ)**

"ပူစူးမရေ" "ရှင် ဟုတ်ကဲ့ဘိုးလေး။ ပြောပါရှင်"

ဘိုးလေးကြွက်အိမ်ရှေ့ရှိကုက္ကိုပင်ကြီးအောက်တွင် ထိုင်နေကြသော မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ကို ဘိုးလေးကြွက်က နောက်ကနေ ရောက်လာလာချင်း နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"ပူစူးမရေ မြေးတို့အနေနဲ့ အခုလိုကို ပြန်ပြောတာကြားရတာ ကျက်သရေရှိလိုက်တာကွယ်၊ နားဝင်ကို ချိုနေတာပဲ မြေးတို့ရဲ့"

"ဟုတ်ကဲ့ ဘိုးလေး"

"အေးကွယ်မြေးတို့ကို စာသင်ခန်းဆိုင်ရာယဉ်ကျေးမှုနဲ့ဆက်နွှယ်တာလေးတွေပြောရတာ ဘိုးလေးအားရှိတယ်ကွယ်။ မြေးတို့တွေ ကျောင်းမှာရော၊ စာသင်ခန်းအတွင်းမှာပါ ဆရာ ဆရာမတွေနဲ့ ပြောဆိုဆက်ဆံကြတဲ့အခါ အခုလိုယဉ်ကျေးသိမ်မွေ့မှုရှိကြပါစေကွယ်"

"ဟုတ်ကဲ့ပါဘိုးလေး၊ မြေးတို့ယဉ်ယဉ်ကျေးကျေးပြောဆိုဆက်ဆံပါတယ်"

"မြေးတို့က ယဉ်ကျေးကြပြီးသားပါ။ ဒါပေမဲ့ သတိပေးတဲ့အနေနဲ့သာ ပြောရတာပါ။ ဆရာ ဆရာမတွေနဲ့ စကားပြောတဲ့အခါ အထူးဂရုစိုက်ကြရမယ်နော်။ ဆရာ ဆရာမတွေဆိုတာ မိဘနဲ့တစ်ဂိုဏ်းတည်းရှိတာ။ အနန္တဂိုဏ်းဝင် ပုဂ္ဂိုလ်တွေဖြစ်တယ်ကွယ့်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"ဆရာ ဆရာမတွေက သွန်သင်ဆုံးမတယ်ဆိုတာ ကျောင်းသား ကျောင်းသူတွေကို အသိအလိမ္မာ တိုးစေချင်လို့၊ မြေးတို့လိုကလေးတွေကို ယဉ်ကျေးအောင် ပညာတတ်ကြီးတွေဖြစ်စေချင်လွန်းလို့ သွန်သင်ဆုံးမတာဖြစ်တယ်။ ဆရာ ဆရာမတွေဆိုတာ နာသုံးနာလက်ကိုင်ထားကြတဲ့သူတွေကြီးပါပဲ"

"ဘိုးလေးရေ နာသုံးနာဆိုတာ ဘာလဲ၊ ရှင်းပြပေးပါဦး"

"ပူစူးမကတော့ လုပ်ပြီ" ဘိုးလေးကြွက်၏ စကားအဆုံးမှာ ပူစူးမ ပြောလိုက်သောစကားကို မောင်ထူးက ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"ဟဲ့ ဘာပြောတာလဲ။ မသိလို့ ဘိုးလေးကိုမေးတာပဲဟာကို"

"ဟုတ်သားပဲ မောင်ထူးရာ မင်းကလည်း ငါတို့တွေမှ နာသုံးနာဆိုတာ မသိတာ။ မသိတာကို ပူစူးမက မေးပေးတာကျေးဇူးတောင်တင်ရဦးမယ်"

မောင်ထူးတစ်ယောက် သဘောပေါက်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေတော့၏။

"အေးပါကွယ်၊ ဘိုးလေးပြောပြပ့ါမယ်။ နာသုံးနာဆိုတာ ဝါသနာ၊ စေတနာ၊ အနစ်နာဆိုတာပဲကွယ့်။ ဆရာ ဆရာမအဖြစ်တာဝန် ထမ်းဆောင်တဲ့သူတွေဟာ ဝါသနာအရင်းခံကိုက ပညာကို လက်ဆင့်ကမ်း သင်ပြပေးလိုတဲ့ဆန္ဒ ရှိနေကြပြီးဖြစ်တယ်။ သင်ပြချင်တဲ့ ဝါသနာကိုပြောတာကွယ့်။ နောက်တစ်ခုဖြစ်တဲ့ စေတနာဆိုတာကတော့ ကျောင်းသား ကျောင်းသူတပည့်တွေအပေါ်မှာ မမြင်ဖူးခင်ကတည်းက စေတနာကရှိနေပြီးသားဖြစ်တယ်။ ဒီနှစ် ဒီကျောင်းမှာ ဘယ်ကလေး၊ ဘယ်ကျောင်းသားပဲ ရောက်လာလာ တပည့်တွေကို ဆရာ ဆရာမတွေက ကျောသားရင်သားမခွဲခြားဘဲ စေတနာက တန်းတူညီမျှကိုရှိနေတာဖြစ်တယ်။ အနစ်နာဆိုတာကတော့ ပြောရရင် ဂန္ထဝင်မှာ စာတင်လောက်ပါပေတယ်။ ဆရာ ဆရာမတွေဟာ တပည့်ဖြစ်လာတဲ့ ကျောင်းသား ကျောင်းသူတွေကိုရော ဘယ်ကျောင်းက ကျောင်းသား ကျောင်းသူဖြစ်ဖြစ် တွေ့လေရာနေရာမှာ ကြုံသမျှ အနစ်နာကို စိတ်ရင်းနဲ့ကို ခံကြတာဖြစ်တယ်။ ငယ်ရွယ်တဲ့ကျောင်းသား ကျောင်းသူတွေဆိုရင်လည်း ငယ်ရွယ်တဲ့အလျောက်၊ အရွယ်ရလာတဲ့ ကျောင်းသား ကျောင်းသူတွေဆိုရင်လည်း အရွယ်ရလာတဲ့အလျောက် အလိုက်သင့်ဖြစ်ဖို့ ကျောင်းတွင်း၊ စာသင်ခန်းအတွင်း၊ ကျောင်းပြင်ပ ဘယ်နေရာမှာပဲဖြစ်ဖြစ် စိတ်ရင်းအမှန်နဲ့ ဦးစားပေး ကူညီလုပ်ဆောင်ပေးလိုတဲ့ အပြင်တပည့်တွေရဲ့ ကထိကထအမျိုးမျိုးကိုလည်း သည်းခံပြီး အနစ်နာခံမှုက ရှေ့ဆုံးကပါပဲကွယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"ဆရာ ဆရာမတွေက နာသုံးနာကို လက်ကိုင်ကျင့်သုံးသလို မြေးတို့ ကျောင်းသား ကျောင်းသူတွေကလည်း စာသင်ခန်းရှိရာကို အချိန်မှန်မှန်ကို ရောက်နေရမယ်။ တစ်ခါတစ်ရံ စာသင်ခန်းရှိရာကို အချိန်နောက်ကျမှ ရောက်လာဖြစ်ရင်လည်း နောက်ကျနေရခြင်းကို ခွင့်ပြုပေးဖို့ အရိုအသေပေးကာ ခွင့်တောင်းကြရမယ်။ ဆရာ ဆရာမတွေကို လေးလေးစားစား၊ ရိုရိုကျိုးကျိုးနဲ့ ဆက်ဆံကြရမယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"စာသင်ခန်းထဲမှာ အချင်းချင်း တရားလွန်ဆော့ကစားတာ၊ ဂိမ်းဆော့တာ၊ ဖုန်းသုံးစွဲတာ၊ နောက်ပြောင်တာ၊ အကျီစားသန်တာ၊ ရန်စတာမျိုးတွေကို အထူးရှောင်ကြဉ်ကြရမယ်။ ကျောင်းသား ကျောင်းသူအချင်းချင်းလည်း ညီညွတ်မျှတာစွာဆက်ဆံတတ်ရမယ်။ အချင်းချင်းနားလည်မှုရှိရှိနဲ့ ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး၊ လေးလေးစားစားရှိဖို့ လိုတယ်ကွယ့်။ အဲဒါမှ လိမ္မာယဉ်ကျေးတဲ့ ကျောင်းသား ကျောင်းသူတွေ ဖြစ်လာမှာပေ့ါကွယ်။

"ဟုတ်ကဲ့ပါဘိုးလေး၊ မြေးတို့ မှတ်သားလိုက်နာကြပါမယ်"

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**ဒါနပါရမီ**

**ဒါနပြုကချမ်းသာရ(၁)**

"ရှင်မရေ... ထမင်းကျက်ပြီလား"

"ကျက်ပါပြီတော်၊ ကျက်ပါပြီ"

"ထမင်းကျက်ရင် ငါ့ကိုယ်တာအတွက် ထမင်းခူးလိုက်စမ်းပါ"

"အလောတကြီးပါလားတော် ချွေးတွေလည်းရွှဲလို့၊ ရှင် ရေမိုးချိုးလိုက်ပါဦးလား၊ ပြီးမှစားပေါ့တော်"

"ဟာကွာ ဒီလိုဒီလို ငါစားဖို့မဟုတ်ပါဘူး။ ဘုရားအရှင်သူမြတ်ကို ဆွမ်းကပ်ဖို့ပါ"

အိမ်ရှေ့တွင် ဆွမ်းရပ်နေသော ဘုရားအရှင်သူမြတ်ကို ဇနီးဖြစ်သူက မမြင်သည့်အတွက် ပြောလိုက်ခြင်းဖြစ်ပြီး ဇနီးဖြစ်သူကမ်းပေးလာသည့် ထမင်းတစ်ပန်းကန်ကို ဘုရားအရှင်သူမြတ်၏ သပိတ်အတွင်း လောင်းလှူလိုက်လေသည်။ ထိုအချိန်တွင် အသိအလိမ္မာရှိသည့် ဇနီးဖြစ်သူကလည်း သူစားသုံးရမည့် ကိုယ်တာဖြစ်သော ထမင်းတစ်ပန်းကန်ကိုလည်း တစ်ခါတည်းလှူဒါန်းလိုက်တော့သည်။

"အရှင်ဘုရား ဒီနေရာမှာ ဘုဉ်းပေးလို့ရပါတယ်၊ ဒီအတွက် ပင့်လျှောက်ဦးတင်ပါရစေဘုရား"

ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်သူမြတ်သည် ဆက်ကပ်လာသည့်ဆွမ်းကို ဘုဉ်းပေးပြီး ဆွမ်းလှူဒါန်းမှုအတွက် ဆွမ်းအလှူမောဓနာတရား ဟောကြားတော်မူသည်။

"သုခတရားများနဲ့ ပြည့်စုံပါရစေဘုရား"

"ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု"၊

လှူဒါန်းမှုအစုစုအတွက် မျက်မှောက်ဘဝ၏ ခါးသီးလှသောကြုံတွေ့ရသည့် ဒုက္ခ၊ သုခများကိုကြည့်ပြီး ဆုတောင်းလိုက်ရာ ဘုရားအရှင်သူမြတ်က ပြန်လည်ဆုပေးလိုက်ခြင်း ဖြစ်ပြီး ဆက်လက်ထွက်ခွာသွားလေသည်။

"သာဓု၊ သာဓု၊ သာဓု"

အလို ထီးချက်စောင့်နတ်သမီး ငါ့အနေနဲ့ အလှူပေးခဲ့တာကြိမ်ဖန်များစွာကြာပါပေါ့၊ ခုလိုအချိန်ကြာလွန်မှ ဘယ်အတွက်များ သာဓုခေါ်ရပါသလော"

"ငါဟာ သင်လှူဒါန်းခဲ့တဲ့ အလှူတွေအတွက် သာဓုခေါ်ဆိုတာမဟုတ်ပါ။ အန္ဓဘာရရဲ့ အလှူအတွက် သာဓုခေါ်ဆိုခြင်းသာဖြစ်ပေတယ်"

ထီးချက်စောင့်နတ်သမီး၏ ယနေ့မှ ထူးထူးခြားခြား သာဓုခေါ်သံကြောင့် သုမနသူဌေးကြီးက မေးလိုက်ခြင်းဖြစ်ရာ နတ်သမီးက သာဓုခေါ်ဆိုရခြင်း၏ အရင်းအမြစ်ကို ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"ဟေ ဘယ်က အန္ဓဘာရလဲ။ ငါ့အိမ်က မြက်ထမ်း၊ ထင်းခွဲ၊ အိမ်အမှုလုပ်တဲ့ အန္ဓဘာရကိုပြောတာလား"

"မှန်ပါတယ် သူဌေး။ အန္ဓဘာရဟာ သူစားရမယ့် ထမင်းတစ်ပန်းကန်ကို ဘုရားအရှင်သူမြတ်ကို ဆွမ်းအဖြစ် လောင်းလှူခဲ့တာပါ။ အလှူမှာ နည်းခြင်း၊ များခြင်းက ပဓာနမဟုတ်ပါဘူး။ လှူဒါန်းသူရဲ့ စေတနာ၊ သဒ္ဓါတရားကသာ အရေးကြီးတာပါ။ အန္ဓဘာရဟာ သဒ္ဓါတရားအပြည့်နဲ့ လှူဒါန်းခဲ့တဲ့အတွက်ကြောင့် ငါ သာဓုခေါ်လိုက်တာပါ သူဌေးရေ"

သူဌေးသုမနသည် အိမ်အမှုလုပ်အန္ဓဘာရအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ချီးကျူးစကားပြောဆိုရန် အန္ဓဘာရရှိရာသို့ ထွက်လာခဲ့လေသည်။

"သာဓုပါ သာဓု၊ သာဓု။ မောင်ရင်ရဲ့ ကောင်းမှုအစုစုအတွက် သာဓုခေါ်ပါတယ်။ ဒီအလှူကို ကျုပ်ကို ရောင်းပါလား။ အသပြာတစ်ရာပေးပါ့မယ်၊ ကျုပ်အလှူဖြစ်ပါရစေ"

"ခင်ဗျာ သူဌေးမင်းရယ် ဒီလိုဝယ်တာကျေးဇူးတင်ပါတယ်။ တစ်သက်မှာ တစ်ခါမှ မလှူဒါန်းဖူးတဲ့ အလှူဖြစ်နေလို့ မရောင်းပါရစေနဲ့၊ ခွင့်လွှတ်တော်မူပါ"

"မောင်ရင်ရယ် ဒီလိုဆိုရင်လည်း အသပြာတစ်ထောင်နဲ့ ဝယ်မယ်ကွာ၊ အသပြာတစ်ထောင်ဆိုတာ မောင်ရင့်ဘဝတစ်ခုလုံးကို ပြောင်းလဲသွားစေနိုင်ပါတယ်။ ရောင်းမယ်မဟုတ်လား"

အန္ဓဘာရအနေနဲ့ အခက်တွေ့ရတော့သည်။ သူဌေးကလည်းအတင်းကို ဝယ်လိုနေသည်။ အသပြာတစ်ထောင်လည်း ရပေဦးမည်ဖြစ်၍ ချီတုံချတုံဖြစ်နေရလေသည်။ ထို့နောက် အန္ဓဘာရက စိတ်ကိုပိုင်နိုင်စွာ ပိုင်းဖြတ်ကာ ဖြည်းဖြည်းချင်းပြောလိုက်သည်။

"သူဌေးရယ်...ကျွန်တော်မျိုးတို့က သူဌေးကြီးကို မှီခိုနေရတာပါ။ ကျေးဇူးကြီးမားလှပါပေတယ်။ ဒီလိုမျိုးကျေးဇူးကိုဆပ်နိုင်ဖို့ရာ အောက်မေ့နေတာပါ။ အခုကိစ္စကတော့ ထူးခြားတဲ့ဒါနပွဲလေး ဖြစ်နေတာမို့ မရောင်းပါရစေနဲ့ခင်ဗျာ"

"အင်းလေ ဒါဆိုလည်း စဉ်းစားတာပေါ့။ ဒီလိုလုပ်ကွာ၊ ကုသိုလ်ကိုတော့ မျှဝေပေးကွာ"

သုမနသူဌေးကြီးက ဝယ်လို့မရသည့် အဆုံးမှာ လှူဒါန်းမှုအစုစုအတွက် ရရှိလာမည့် ကုသိုလ်အား မျှဝေပေးရန်ပြောလေရာ အန္ဓဘာရသည် ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်ထံသို့ အပြေးလိုက်သွားပြီး ကုသိုလ်မျှဝေပေးရန် ကိစ္စနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားလေတော့သည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာမင်္ဂလာ

**မကောင်းမှုမှအထူးရှောင်ကြဉ်ရမယ်**

**ဝိရတီပါပါ**

"မကောင်းမှုပြုရန်ကြုံလာပါက မပြုမိ၊ မပြောမိအောင် ကိုယ်၊ နှုတ်တို့ဖြင့် ရှောင်ကြဉ်ရခြင်း၊ မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈-ဖြာမင်္ဂလာကဗျာများရဲ့ ဆဋ္ဌမမြောက်ကဗျာဖြစ်တဲ့ "ရှောင်ကြဉ်ရေးမင်္ဂလာလေးပါး" ထဲက နံပါတ်နှစ် မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာမှတ်သားကြရမယ့် မင်္ဂလာတရားတွေပဲပေါ့။

ဟိုး..ရှေးရှေးတုန်းအခါက...။

ဗာရာဏသီပြည်မှာ ဖြဟ္မဒတ်မင်းကြီးစိုးစံစဉ် အချိန်ကာလကဖြစ်ပေတယ်။ မင်းကြီးရဲ့ သားတော် ဒုဋ္ဌကုမာရမင်းသားဟာ ရန့်ရင်းကြမ်းတမ်းပြီး ဆဲရေးပုတ်ခတ်ကာပြောဆိုလေ့ရှိလို့ မင်းခစားအပေါင်းတို့က မင်းသားကိုမချစ်ခင်၊ မနှစ်သက်ကြဘဲ ရွံ့ကြောက်ကြီးဖြစ်နေရတယ်။

တစ်နေ့တော့ မင်းသားက မြစ်ထဲမှာရေကစားတဲ့ အချိန် မိုးသက်လေပြင်းကျပြီး ကောင်းကင်တစ်ခုလုံး မှောင်မိုက်သွားတဲ့အခါ အစေအပါးတို့က သူယုတ်မာမင်းသားကို ကြံစည်ကာ မြစ်လယ်သို့ ခေါ်ဆောင်သွားလေတယ်။ မင်းသားလည်း မြစ်ရေစီးမှာ ထင်းတုံးတစ်တုံးနဲ့ မျောပါသွားတော့သတဲ့။

"မြစ်၌မျောသော ထင်းတုံးကို ဆယ်ရခြင်းဟာ မြတ်တယ်။ ကျေးဇူးကန်းသော သူယုတ်ကိုကယ်တင်ခြင်းက မမြတ်ဘူးလို့ ပညာရှိတို့ဆိုစကားဟာ မှန်လိုက်တာ"

လမ်းလေးခွဆုံမှာ ရိုက်ပုတ်မှုကိုခံရလေတိုင်း ကြေကွဲစွာနဲ့ပြောဆိုလေ့ရှိတဲ့ ရသေ့ကြီးရဲ့စကားကို ကြားရဖန်များတော့ ပညာရှိတို့က အကြောင်းစုံကို မေးမြန်း စူးစမ်းတော့တာပေါ့။

"ငါဟာ ရှေးကပညာရှိတို့ရဲ့ စကားအတိုင်း




မကျင့်မိဘဲ သင်တို့ရဲ့မင်းကြီးကို အသက်စွန့်ကာ ကယ်တင်ခဲ့မိလို့ ခုလို ဆင်းရဲဒုက္ခကြုံရတာဖြစ်တယ်"

ရသေ့ကြီးကို ပညာရှိတို့က ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြဖို့ တိုက်တွန်းကြတဲ့အခါ ရသေ့ကြီးကလည်း ဖြစ်စဉ်အားလုံးကို ပြန်ပြောပြတော့သတဲ့ကွယ်။

"ငါကဲ့သို့သော မေတ္တာကရုဏာနဲ့ ပြည့်စုံသူရှိနေပါလျက်နဲ့ ဒုက္ခရောက်နေသူတွေ အသက်မသေသင့်၊ သူတို့ကို ငါကိုယ်တိုင်ကယ်တင်မှဖြစ်ချေတော့မယ်"

ရသေ့ကြီးဟာ ဒုဋ္ဌကုမာရမင်းသားရဲ့ ငိုကြွေးသံကို ကြားရတဲ့အတွက် မြစ်ပြင်မှာမျောနေတဲ့ သစ်တုံးကို ဆယ်ယူလိုက်တယ်။ သစ်တုံးပေါ်ရဲ့တစ်ဖက်စွန်းမှာ မင်းသား၊ ကျန်တစ်ဖက်စွန်းမှာ မြွေ၊ ကြွက်၊ ကျေးတို့ကိုတွေ့ရလို့ ရသေ့ကြီးကအားလုံးကို ကျောင်းသင်္ခမ်းသို့ ခေါ်ဆောင်ကယ်တင်ခဲ့လေတယ်။ ကျောင်းသင်္ခမ်းကို ရောက်တဲ့အခါ သတ္တဝါငယ်တွေကို ရသေ့ကြီးက ဦးစွာကျွေးမွေးပြုစုကာ နောက်မှ မင်းသားကို ပြုစုတာပေါ့။ အဲဒါကို မင်းသားက မကျေနပ်ဘဲ ရသေ့ကြီးကိုအငြိုးထားတော့တယ်ကွယ့်။

ရက်အနည်းငယ်ကြာတဲ့အခါ မိုးလေကင်းစင်တာနဲ့ မြွေ၊ ကြွက်၊ ကျေးတို့ဟာ ရသေ့ကြီးကို ရှိခိုးပြီး နေရပ်အသီးသီးသို့ ပြန်သွားကြလေတယ်။

"ကျေးဇူးကြီးမားလှပါပေတယ် အရှင်။ ကျွန်ုပ်မှာ ကုဋေလေးဆယ်ထိုက်တဲ့ ရွှေအိုးတို့ရှိပါတယ်။ အရှင်လိုအပ်ပါက ကျွန်ုပ်ထံလာခေါ်ပါ"လို့ မြွေကပြန်ခါနီးမှာ ရသေ့ကြီးကို လျှောက်ထားတယ်။

"အကျွန်ုပ်မှာလည်း သလေးစပါးတို့ကို ပေးစွမ်းနိုင်မှုရှိပါတယ်။ အရှင်လိုအပ်ပါက ကျေးသားကို ခေါ်လိုက်ပါ"လို့ ကျေးသားကလည်း ပြန်ခါနီးမှာ လျှောက်ထားပြန်လေတယ်။

"ကျွန်ုပ်ကလည်း ကုဋေသုံးဆယ်ထိုက်တဲ့ ရွှေအိုး နေရာသိပါတယ်။ အရှင်လိုအပ်ပါက ခေါ်တော်မူပါ" လို့ ကြွက်ကလည်း ပြန်ခါနီးမှာ လျှောက်ထားတာပေါ့ကွယ်။

"အရှင် အကျွန်ုပ်ဟာ မင်းဖြစ်သည်ရှိသော် ကြွလာတော်မူပါ။ ပစ္စည်းလေးပါးနဲ့ လုပ်ကျွေးပါမယ်"လို့ မင်းသားကလည်း ပြောဆိုပြီး မကြာမီ ပြန်သွားလေသတဲ့။

ကာလအတန်ကြာလာတဲ့အခါ ရသေ့ကြီးက ကယ်ဆယ်ခဲ့သူတွေကို စူးစမ်းဖို့ရာသတိရပြီး မြွေ၊ ကြွက်၊ ကျေးသားတို့ဆီသို့ ကြွရောက်သွားရာ သတ္တဝါတို့က ပြောကြားခဲ့တဲ့အတိုင်း ဆောင်ရွက်ပေးရန် အမှန်ရှိကြောင်း သိလိုက်ရတယ်။ နောက်ပိုင်း မကြာခင်မှာ ရသေ့ကြီးကမင်းသားထံသို့သွားလေတယ်။ မင်းသားက မင်းကြီးအရာဆက်ခံရလို့ ဘုရင်ဖြစ်လေရာ ရသေ့လာတာကိုတွေ့တဲ့အခါ မင်းချင်းတို့ကို သတ်ပုတ်ဖမ်းဆီးဖို့အမိန့်ပေးလို့ အမိန့်အတိုင်း ပြုလုပ်ကြတဲ့အတွက် ရသေ့ကြီးခမျာ ဒုက္ခဆင်းရဲနဲ့ ကြုံတွေ့ရတာဖြစ်တယ်။

"ဖြစ်မှဖြစ်ရလေ ရှင်ရသေ့ကြီးရယ်"

အကြောင်းစုံကိုသိလိုက်ရတဲ့ ပညာရှိတို့က ကျေးဇူးကန်းတဲ့ ဒုဋ္ဌကုမာရမင်းကို ဖမ်းဆီးကာ အဆုံးစီရင်ပြီး ရသေ့ကြီးအား မင်းအဖြစ်တင်မြှောက်ကြသတဲ့၊ ရသေ့ကြီးကလည်း မြွေ၊ ကြွက်၊ ကျေးတို့နဲ့ အတူ အသက်ထက်ဆုံး ညီညီညွတ်ညွတ်နဲ့ တရားမျှတစွာအုပ်ချုပ်နေထိုင်သွားသတဲ့ကွယ်။

ဝိရတီပါပါ။

"မကောင်းမှုပြုရန်ကြုံလာပါက မပြုမိ၊ မပြောမိအောင် ကိုယ်၊ နှုတ်တို့ဖြင့် ရှောင်ကြဉ်ရခြင်း၊ မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်တဲ့ ငါးရာ့ငါးဆယ် နိပါတ်တော်လာမှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် သာမက လူတိုင်းလူတိုင်းအသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "ရှောင်ကြဉ်ရေးမင်္ဂလာ"နည်းနာတွေ ပေါ့ကွယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

အပင်ပန်းဆုံး၊ အနွမ်းနယ်ဆုံး၊ အညှိုးချုံးဆုံး မျက်နှာတစ်မျက်နှာကို ပြပါဆိုလျှင် ခင်သန်းနွဲ့၏ မျက်နှာကို ပြရပေလိမ့်မည်။ အကြေကွဲဆုံး၊ အနာကြည်းဆုံး၊ ရင်အနင့်ဆုံး ခံစားနေရသူကို ပြပါဆိုလျှင် ခင်သန်းနွဲ့ကိုပင် ပြရပေလိမ့်မည်။

ခင်သန်းနွဲ့သည် အိမ်အတွင်း လှမ်းဝင်လာသည်။

သူ၏မျက်လုံးအိမ်တွင် မျက်ရည်ရစ်ဝဲနေခြင်း မရှိပါ။ ပါးပြင်၌ မျက်ရည်စတို့ကို မမြင်ရပါ။ သို့ပေမဲ့ သူ၏ရုပ်သွင်မှာ ငိုရှိုက်ခြင်းထက် ပိုမိုခံစားနေရသော အသွင်သဏ္ဌာန်ကို ဖော်ပြနေသည်။

ကိုမောင်မောင်ဦးက တစ်စုံတစ်ခု ဖြေရှင်းမည်ပြုသည်ကို ခင်သန်းနွဲ့ လှမ်း၍တားဆီးခဲ့သည်။ ဘာမျှပြောစေချင်ပုံမရ။

ခင်သန်းနွဲ့သည် နန်းကိန္နရီ၏အနီးတွင် လာရပ်သည်။ သမီးဖြစ်သူ၏ မျက်နှာကို မမိုတ်မသုန် ကြည့်လင့်သည်။ ဘာစကားမျှ ပြော၍ ရနိုင်ပုံမပေါ်။ ဆို့ဆို့နင့်နင့် ရှိနေသည်။

နန်းကိန္နရီသည်လည်း ခင်သန်းနွဲ့ကို မော့ကြည့်နေသည်။ ရုတ်တရက်တွင် ခင်သန်းနွဲ့ကို ဘယ်သူဘယ်ဝါ သိနိုင်ပုံမရ။

"ကိုယ်၊ ကိုယ်ရှင်းပြမယ် ခင်သန်းနွဲ့"

ကိုမောင်မောင်ဦး ထိုင်ရာမှထရပ်မိရင်း ဆိုလိုက်သည်။ ခင်သန်းနွဲ့က ကိုမောင်မောင်ဦးအား လှမ်းကြည့်သည်။

"မလိုတော့ပါဘူး ကိုမောင်မောင်ဦး၊ ကျွန်မ ရောက်နေတာကြာပါပြီ။ အားလုံးသိပြီးပါပြီ။ အားလုံး ကြားပြီးပါပြီ"

ခင်သန်းနွဲ့၏အသံမှာ တိုးလျသည်။ လေသံမျှသာ ဖြစ်သည်။

ခင်သန်းနွဲ့သည် နန်းကိန္နရီထံ လှည့်လိုက်ပြန်သည်။ သူ့ကိုကြည့်ရသည်မှာ သမီးဖြစ်သူအား ထွေးပွေ့ချင်ပုံရသည်။ ထိကိုင်ချင်ပုံရသည်။ ယင်းသို့ပြုမူရန် မဝံ့မရဲရှိမိဟန်ဖြင့် မချင့်မရဲဖြစ်နေသည်။

"သမီးရယ်၊ သမီးရယ်"

ခင်သန်းနွဲ့ထံမှ အသံပေါ်လာသည်။ အသံမှာ မချိတင်ကဲ နိုင်လှသည်။ လှိုက်လှိုက်လှဲလှဲ ရှိလှသည်။

ယခုတော့လည်း နန်းကိန္နရီသည် ခင်သန်းနွဲ့အား ကိုမောင်မောင်ဦး ရည်ညွှန်းခဲ့သော မိမိ၏ မိခင်အဖြစ် နားလည်လာနိုင်ပုံရသည်။

နန်းကိန္နရီ၏မျက်နှာတွင် အပြောင်းအလဲများစွာ ဖြစ်သွားသည်။ အံ့ဩဟန်လည်း ပြသည်။ တုန်လှုပ်ဟန်လည်း ပြသည်။ နောက်တော့ ခွဲခြားဝေဖန်၍ မရနိုင်လောက်အောင် ဆန်းကြယ်သော အရိပ်အသွင်တို့သည်လည်း သူမ၏ မျက်နှာပြင်၌ ပေါ်ပေါက်နေလေသည်။

နန်းကိန္နရီ နှုတ်ဆိတ်နေသည်။ ခင်သန်းနွဲ့မှာမူ ပါးစပ်များ လှုပ်ရှုနေသော်လည်း အသံထွက်မလာနိုင်။ နှုတ်ခမ်းများမှာ တဆတ်ဆတ်တုန်နေသည်။ မျက်နှာရှိ အကြောစိုင်မှန်သမျှ တလှုပ်လှုပ်တရွရွ ဖြစ်နေသည်။ ယခုအခါ သူ၏မျက်ဝန်း၌ မျက်ရည်ကို တွေ့ရပြီ။ အသံမထွက်ဘဲ မျက်ရည်တို့သာ ပိုးပိုးပေါက်ပေါက် ကျရောက်လာသည်။

နန်းကိန္နရီ ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သည်။ သူ၏အကြည့်သည် ခင်သန်းနွဲ့၏ မျက်နှာတွင် စူးစိုက်ထားဆဲဖြစ်သည်။ မျက်တောင်မခတ်တမ်း စူးစူးဝါးဝါးကြီး ကြည့်နေခြင်းဖြစ်သည်။

ခင်သန်းနွဲ့က နန်းကိန္နရီ၏ပခုံးကို လှမ်းကိုင်လိုက်သည်။ နန်းကိန္နရီသည် အကိုင်မခံဘဲ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ သူ၏မျက်နှာ အနေအထားကို ကိုမောင်မောင်ဦး အကဲခတ်နိုင်စွမ်း ရှိလာခဲ့ပြီ။ စင်စစ် နန်းကိန္နရီသည် ခင်သန်းနွဲ့အား ရွံရှာစက်ဆုပ်သောအသွင်ဖြင့် ကြည့်နေခဲ့ခြင်းသာတည်း။

နန်းကိန္နရီက အထိအကိုင်မခံသဖြင့် ခင်သန်းနွဲ့ ဝမ်းနည်းသွားပုံပေါ်သည်။

"သမီးရယ်၊ သမီးလေးရယ်"

မချိတင်ကဲ ညည်းညူလိုက်သံ ပေါ်လာသည်။

"ကိုမောင်မောင်ဦးပြောတာ အမှန်ပါ။ အမေဟာ သမီးရဲ့ အမေပါ။ အမေ မထိန်းချုပ်နိုင်တော့ဘူး သမီးရဲ့။ ကိုယ့်သမီးကို ကိုယ့်မျက်စိအောက်မှာ ဒီအတိုင်း လှလှပပ ချမ်းချမ်းသာသာကြီး မြင်လိုက်ရတော့ အမေ မထိန်းနိုင်တော့ဘူး။ သမီးကို အမေ မွေးခဲ့တာပါ။ အမေ့ဝမ်းနဲ့လွယ်ပြီး မွေးခဲ့တာပါ"

ယခုတော့လည်း ခင်သန်းနွဲ့၏ရင်မှာ ပွင့်ခဲ့ရပြီထင်သည်။ အသည်းနှလုံးမှာ ခိုကပ်နေသော စကားသံတို့ လည်ချောင်းအတိုင်း တိုးထွက်လာနိုင်ခဲ့ပြီဖြစ်ဟန်တူသည်။ သူသည် ငိုရှိုက်နေရင်းမှပင် ပြိုးသည်။ မျက်ရည်စက်လက်ဖြင့် ပြိုးလိုက်ခြင်းဖြစ်သည်။

"သမီးကို တွေ့ရတာ အမေဝမ်းသာတယ်။ ဒီဘဝမှာ သမီးနဲ့ အခုလိုပြန်ပြီး ဆုံရလိမ့်မယ်လို့ မထင်ခဲ့ဘူး။ သမီးကို "သမီး" လို့ ခေါ်နိုင်ခွင့် ကြုံရလိမ့်မယ်လို့ မထင်ခဲ့ဘူး။ အခုတော့ သမီးနဲ့တွေ့ရပြီ။ သမီးလို့ ခေါ်နိုင်ခဲ့ပြီ။ အမေ သေပျော်ပါပြီ။ အခုနေလည်း သေသွားရင်တောင်မှ အမေ့အသက်ကို အမေ မနှမြောတော့ဘူးသမီးရဲ့"

ခင်သန်းနွဲ့က စကားဆိုလျက် ရှိသည့်တိုင် နန်းကိန္နရီ စကားမဆို။ ခင်သန်းနွဲ့က လိုလိုချင်ချင် နှစ်နှစ်ကာကာကြီးပြောနေသည့်တိုင် နန်းကိန္နရီ၏ မျက်နှာထားမှာ ပြောင်းလွဲမသွား။

"သမီး စောစောကပြောခဲ့တဲ့စကားတွေ အမေ ကြားပါတယ်။ ဒါပေမဲ့ အမေလေ သမီးလေးအပေါ်မှာ ဆံခြည်ဆယ်စိတ်စိတ် တစ်စိတ်တောင် စိတ်မဆိုးဘူး။ မနာဘူး။ အမေဟာ ဘာပဲဖြစ်နေနေ၊ အမေဟာ အမေပါပဲ သမီးရယ်။ အမေ့မှာ သမီးကိုချစ်တဲ့စိတ် နှမ်းစေ့တစ်စေ့မှ မလျော့ခဲ့ပါဘူး။ အမေ့မှာလည်း တခြားမိန်းမတွေလို မိခင်စိတ်ဆိုတာ ရှိပါသေးတယ် သမီးရဲ့"

ကိုမောင်မောင်ဦးသည် သားအမိနှစ်ယောက်တို့၏ အဖြစ်ကို စိုက်ကြည့်နေသည်။ သူ့ရင်မှာ နာလာ မိသည်လည်းအမှန်။ ဆို့နင့်လာမိသည်လည်းအမှန်ပင်။

စိတ်သန္တာန်တွင် ဖေဖေ့ကို သတိရသည်။ ဖေဖေ့ကို မြင်ယောင်သည်။

ဖေဖေ၊ ဖေဖေ။

သည်ခေါ်သံသည် သူ့ရင်ထဲမှာ ဂယက်ထန်နေသည်။ ညံစီနေသည်။

ဝဋ်တုံ့ဝဋ်လှည့် ဟူသည် လောက၌ တကယ် ရှိတတ်သည်ဆိုခြင်းကို ဖေဖေ မယုံကြည်ခဲ့လေသလား။

ဝဋ်ကြွေးဟူသည် တစ်နေ့တွင် မလွဲမသွေ ပေးအပ်ရတတ်သည်ဆိုခြင်းကို ဖေဖေ မေ့လျော့ခဲ့လေသလား။

မိမိနှင့် ခင်ခင်ကြီးကို ခွဲခဲ့သော ဖေဖေ။

သူတစ်ပါးချစ်ခြင်းကို ဖျက်ဆီးခဲ့သော ဖေဖေ။

သူတစ်ပါးကို သားတစ်ကွဲ၊ မယားတစ်ကွဲ၊ မိတစ်ကွဲ၊ ဖတစ်ကွဲ ဖြစ်စေခဲ့သော ဖေဖေ။

သူ့ဇနီးနှင့် သူ့သမီးတို့၏အဖြစ်ကို တမလွန်မှ မြင်စေချင်ပါဘိကော။ တွေ့စေချင်ပါဘိတော့။ အသက်ထင်ရှားရှိနေမည်ဆိုလျှင် သည်အဖြစ်ကို ခေါ်ယူပြသလိုက်စမ်းချင်ပါဘိတော့။

ယခုတော့ ဖေဖေ့ဝဋ်ကြွေးတွေကို အားလုံးက ပေးဆပ်နေကြရပါပြီ ဖေဖေရယ်။ အားလုံးက ပေးဆပ်နေကြရပါပြီ။

ကိုမောင်မောင်ဦးသည် စကားများစွာတို့ကို ရင်ထဲမှာ ပြောနေသည်။ အသံမထွက်ရစေဘဲ ရင်ထဲမှာပင် ညည်းညူနေသည်။

"သမီး"

ခင်သန်းနွဲ့၏ ခေါ်သံကြောင့် မောင်မောင်ဦးရော နန်းကိန္နရီပါ ဆတ်ခနဲဖြစ်သွားကြသည်။

"သမီးရဲ့ဘဝကို အမေ မဖျက်ဆီးပါဘူး။ မနှောင့်ယှက်ပါဘူး။ ကိုယ်မပေးစွမ်းနိုင်တာတွေကို ကိုယ့်အစား သူတစ်ပါးက ပေးစွမ်းနိုင်တဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်။ သမီး ဒီလိုဘဝမျိုးမှာ ရောက်နေတာ အမေ အကျေနပ်ကြီး ကျေနပ်တယ်။ ဒါပေမဲ့ သမီးရယ်။ အမေ့ကို အမေဆိုတဲ့ အသိအမှတ်လောက်ကလေးတော့ ပြုပါ။ ငယ်ငယ်တုန်းက ခေါ်ခဲ့သလို "အမေ" လို့ တစ်ခွန်းလောက်တော့ ခေါ်ပါ။ ဒီတစ်ခုကိုတော့ အမေ့အတွက် လုပ်ပေးပါလို့ အမေတောင်းပန်ပါတယ် သမီးလေးရယ်"

ခင်သန်းနွဲ့သည် နန်းကိန္နရီထံ တိုးလာသည်။ အလွန်အမင်း ဆန္ဒပြင်းပြဟန်ဖြင့် ဆိုသည်။ ခင်သန်းနွဲ့၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်လျက်ရှိသည်။ အထူးသဖြင့် လက်ချောင်းကလေးများမှာ တုန်ခါနေသည်။

နန်းကိန္နရီအနေနှင့် သည်တစ်ခုကိုတော့ ဝန်မလေးသင့်ဟု ကိုမောင်မောင်ဦး ထင်သည်။ သည်စကားတစ်ခွန်းကိုတော့ ဆိုလိမ့်မည်ဟု မျှော်လင့်သည်။

သို့ရာတွင် နန်းကိန္နရီ သည်စကားကိုမဆို။ သူမ၏ မျက်နှာမှာ တင်းမာလာသည်ကိုသာ တွေ့ရသည်။ သူမသည် ခင်သန်းနွဲ့ကိုသာမက ကိုမောင်မောင်ဦးကိုပါ စိမ်းစိမ်းကားကားကြီး စိုက်ကြည့်လိုက်သည်။

မျက်နှာအနေအထားနှင့်ပင် ခက်ထန်မာကျောသောအသံသည် နန်းကိန္နရီထံမှ ပေါ်ထွက်လာသည်။

"ရှင်တို့ ညာနေကြတာ"

နန်းကိန္နရီ၏အသံကြောင့် ခင်သန်းနွဲ့ရော မောင်မောင်ဦးပါ အံ့ဩသွားသည်။

"ဟုတ်တယ်။ ရှင်တို့နှစ်ယောက်ပေါင်းပြီး ကျွန်မကို ညာနေတာ။ ရှင်တို့ ကလိမ်တွေ"

"မဟုတ်ဘူး နန်းကိန္နရီ"

"မဟုတ်ရပါဘူး သမီးလေးရယ်"

"တော်စမ်းပါရှင်။ တော်ကြစမ်းပါ။ ရှင်တို့ပေါင်းပြီး ကျွန်မကို ရှုးအောင်လုပ်နေကြတာ။ ကျွန်မကို သတ်နေကြတာ"

"ဒီမယ် ကိုယ်ပြောမယ် နန်းကိန္နရီ"

နန်းကိန္နရီသည် နားကိုလက်ဖြင့် တင်းတင်းပိတ်လိုက်သည်။

"တော်ကြပါတော့၊ တော်ကြပါတော့"

တအားကုန် အော်ဟစ်ပစ်လိုက်သည်။

"တော်ကြပါတော့။ ကျွန်မဘာမှ မကြားပါရစေနဲ့တော့။ ဘာမှ မသိပါရစေနဲ့တော့"

ပြောပြောဆိုဆိုမှာပင် နန်းကိန္နရီ နောက်သို့ ချာခနဲ လှည့်လိုက်သည်။ တံခါးပေါက်ဝသို့ရုတ်တရက် ထွက်ပြေးသည်။

"သမီး၊ သမီး"

"နန်းကိန္နရီ"

နှစ်ယောက်စလုံး လှမ်းခေါ်ကြသေးသည်။

သို့ပေမဲ့ နန်းကိန္နရီ ဘာမျှမကြားနိုင်တော့သလို ရှိသည်။ ဘာမျှမမြင်နိုင်တော့သလို ရှိသည်။ သူမသည် ဖိနပ်စီးဖို့ သတိမရ။ လှေကားကို တစ်ထစ်ချင်း နင်း၍ဆင်းရန် အမှတ်မရ။ ဒရောသောပါးကြီးဆိုသလို အိမ်အောက်သို့ ဆင်းသွားသည်။ လမ်းအတိုင်း ထွက်ပြေးသွားသည်။

x x x x x

**ဆက်လက်ဖော်ပြပါမည်။**

**"သမီးကိုတွေ့ရတာ အမေဝမ်းသာတယ်။ ဒီဘဝမှာ သမီးနဲ့ အခုလိုပြန်ပြီး ဆုံရလိမ့်မယ်လို့ မထင်ခဲ့ဘူး။ သမီးကို "သမီး" လို့ ခေါ်နိုင်ခွင့် ကြုံရလိမ့်မယ်လို့ မထင်ခဲ့ဘူး။ အခုတော့ သမီးနဲ့တွေ့ရပြီ။ သမီးလို့ ခေါ်နိုင်ခဲ့ပြီ။ အမေ သေပျော်ပါပြီ။ အခုနေလည်း သေသွားရင်တောင်မှ အမေ့အသက်ကို အမေ မနှမြောတော့ဘူး သမီးရဲ့"**

**ခင်သန်းနွဲ့က စကားဆိုလျက်ရှိသည့်တိုင် နန်းကိန္နရီ စကားမဆို။**

**"အမေလေ သမီးလေးအပေါ်မှာ ဆံခြည်ဆယ်စိတ်စိတ် တစ်စိတ်တောင် စိတ်မဆိုးဘူး။ မနာဘူး။ အမေဟာ ဘာပဲဖြစ်နေနေ၊ အမေဟာ အမေပါပဲ သမီးရယ်။ အမေ့မှာလည်း တခြားမိန်းမတွေလို မိခင်စိတ်ဆိုတာ..."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**




## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်း၊ အမှတ်(၃၇)ဟုခေါ်တွင်သည့် အကျယ်အဝန်း (အလျား၁၄ပေ၆လက်မ x အနံ ၆၀ပေ) ရှိ ၃-လွှာ၊ ခြေရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်လေးရွှေ[၁၂/ဒဂန(နိုင်)၀၀၈၇၂၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၀၆၀၇**

## မူးယစ်ကို
## ပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်- FMI City အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၂၂၆)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ ဒေါ်မူမူကြည်(၁၂/ဗတထ(နိုင်)၀၁၁၆၂၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ FMI City အိမ်ရာ၊ သဇင်(၁)လမ်း၊ တိုက်အမှတ်(A-33)ဟုခေါ်တွင်သော(၂)ထပ်တိုက်နေအိမ်အဆောက်အဦအပါအဝင် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက် အရ -**
**ဒေါ်မာလာဆွေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)**
**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**
**အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁ ၂၇၈ ၂၈၊ ၀၉ ၅၁၅၄၆၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၃၁၄)၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးငွေစန်း (AA-၀၃၆၁၅၇)အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးလှသိန်း[၁၂/ဥကတ(နိုင်)၀၉၅၃၄၉] သည် "နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၃၁၁၄၆၅၄၊ ၀၉- ၇၉၅၆၀၁၈၆၃၊ ၀၉- ၇၉၆၃၀၈၀၂၁၊**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## ကုန်းပိုင်းလုပ်ကွက်များတွင် ရေနံအထွက်တိုးရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း(၂၀၂၂)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသော ကုန်းပိုင်းလုပ်ကွက် (၁၀)ကွက်တို့တွင် တွင်းစားစနစ် (Well by Well Basic)ကိုအခြေခံ၍ လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (Joint Operating Agreement-JOA) ဖြင့် ရေနံအထွက်တိုးရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များမှ စိတ်ဝင်စားမှုအဆိုပြုလွှာများ တင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသော အောက်ဖော်ပြပါ ကုန်းပိုင်းလုပ်ကွက် (၁၀)ကွက်တို့အား တင်ဒါရွေးချယ်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရမည်ဖြစ်ပါသည်-

| စဉ် | လုပ်ကွက် | တည်နေရာ | စာချုပ်အမျိုးအစား |
|---|---|---|---|
| (၁) | PSC-D | မဟူတောင်ဒေသ | JOA |
| (၂) | RSF-1 | ကျောက်ခွက်-လက်ပံတိုဒေသ | JOA |
| (၃) | IOR-1 | အရာတော်ဒေသ | JOA |
| (၄) | RSF-8 | ရေနံမဒေသ | JOA |
| (၅) | IOR-4 | ပြည်ဒေသ | JOA |
| (၆) | IOR-6 | မြန်အောင်ဒေသ | JOA |
| (၇) | IOR-7 | ရွှေပြည်သာဒေသ | JOA |
| (၈) | MOGE-5 | အဖျောက်ဒေသ | JOA |
| (၉) | MOGE-5 | ညောင်တုန်းဒေသ | JOA |
| (၁၀) | MOGE-5 | မအူပင်တောင်ဒေသ | JOA |

၃။ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် စိတ်ဝင်စားမှုအဆိုပြုလွှာ (Letter of Expression of Interests -LoEI) တင်ပြသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း (Company's Articles of Association-AOA)၊ သင်းဖွဲ့မှတ်တမ်း (Memorandum of Association-MOA) သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံ (Constitution of Company)၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Certificate of Incorporation)၊ လွန်ခဲ့သည့် (၃)နှစ်အတွက် ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာ (Last 3 years Annual Report)၊ လွန်ခဲ့သည့် (၃)နှစ်အတွက် ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်း (Last 3 Years Financial Statement) သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာ (Financial Report)၊ ရေနံလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများဖော်ပြချက် (Detail Track Record)၊ ကုမ္ပဏီတွင် လုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင်များနှင့်ဖွဲ့စည်းထားသည့် ကုမ္ပဏီ၏ဖွဲ့စည်းမှုပုံစံနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများအား Hard Copy (မူရင်း(၁)စုံ + မိတ္တူ(၃)စုံ)နှင့် Soft Copy တို့ကိုပူးတွဲ၍ **"မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကုန်းပိုင်းလုပ်ကွက် (၁၀)ကွက်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းခြင်း-၂၀၂၂"**ဟု ရေးသားဖော်ပြ၍ လာရောက်တင်ပြရမည်။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြခြင်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီထက်နောက်မကျစေဘဲ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာသို့ လိပ်မူ၍တင်ပြရမည်-

ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြသူများသည် မိမိတို့၏အဆိုပြုလွှာများကို စာတိုက်ဖြင့်လည်းကောင်း၊ E-mail ဖြင့်လည်းကောင်း တင်ပြခြင်းခွင့်မပြုပါ။

၅။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြလိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှ ရက်သတ္တပတ် (၂)ပတ်ကြာသည့်အခါ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရာတွင် လိုအပ်သည့်အခြေခံအချက်အလက်များနှင့်စပ်လျဉ်း၍ ၂၆-၇-၂၀၂၂ ရက်နေ့ (၁၃:၀၀)နာရီ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်တွင် ရှင်းလင်းတင်ပြမှုပြုလုပ်သွားမည်ဖြစ်သည်။

၆။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြမှုများအား ပဏာမရွေးချယ်ခံရသူများစာရင်း (Short List) ပြုလုပ်မည်ဖြစ်ပါသည်။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် တင်ဒါဖိတ်ခေါ်သည့်လုပ်ကွက်များနှင့်သက်ဆိုင်သည့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ဘူမိဗေဒ/ဘူမိရူပဗေဒဌာနအဖွဲ့မှ အခမဲ့ ရှင်းလင်းတင်ပြမှုပြုလုပ်ပေးမည်ဖြစ်သည်။

၇။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်အတွက် အဆိုပြုလွှာများတင်သွင်းနိုင်ရန် JOA စာချုပ်နှင့်သက်ဆိုင်သည့် စည်းကမ်းသတ်မှတ်ချက်များ Standard Terms and Conditions ကို ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ ရှင်းလင်းဖြေကြားပေးမည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List)တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် မိမိတို့အဆိုပြုသည့် Terms and Conditions များအား အဆိုပြုလွှာတွင်ဖော်ပြ၍ ပြန်လည်တင်ပြရမည်။

၉။ အဆိုပြုလွှာတွင်ဖော်ပြထားသော လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်နှင့် စပ်လျဉ်းသည့် Terms and Conditions အဆိုပြုချက်များအပေါ် နည်းပညာပိုင်း၊ ငွေကြေးခိုင်မာတောင့်တင်းမှု၊ လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများ ရှိ-မရှိ စိစစ်ခြင်းနှင့် စည်းကမ်းသတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိ-မရှိ စိစစ်ခြင်းများ ပြုလုပ်၍ ရွေးချယ်သွားမည်ဖြစ်သည်။

၁၀။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List)တွင် ပါဝင်ရွေးချယ်ခြင်းခံရသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် အောက်ဖော်ပြပါ လိပ်စာသို့ဆက်သွယ်ရမည်-

ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်
ဖုန်း ၉၅-၀၆၇၃၄၁၁၀၄၆
ဖက်စ် ၉၅-၀၆၇၃၄၁၁၂၁၃
အီးမေးလ် oilandgasplanningdepartment@gmail.com

မှတ်ချက်။ အခြားသိရှိလိုသည်များရှိပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(၁) ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၉၅-၀၆၇၃၄၁၁၀၄၆
ဖက်စ် ၉၅-၀၆၇၃၄၁၁၂၁၃
အီးမေးလ် oilandgasplanningdepartment@gmail.com

(၂) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၉၅-၀၆၇၃၄၁၁၀၅၅/ ၃၄၁၁၀၅၆
ဖက်စ် ၉၅-၀၆၇၃၄၁၁၁၇၈/ ၃၄၁၁၁၂၅
အီးမေးလ် mogemdoffice4163@gmail.com

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန် (မြန်မာကျပ်ငွေ) **(DDP At Site)** ဖြင့် **အိတ်ဖွင့်တင်ဒါ** ခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No.18(T)(Re)/ EPGE/2022-2023 | ဆည်တော်ကြီးနှင့် ရဲရွာဓာတ်အားပေးစက်ရုံများအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ အရန်ပစ္စည်း(၂)မျိုးဝယ်ယူခြင်း |
| (ခ) | Tender No. 19(T)/ EPGE/2022-2023 | ကြီးအုံကြီးဝစက်ရုံရှိ အမှတ်(၁)စက်၏ Stator နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း |

၂။ ဝယ်ယူမည့် နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ စာအိတ်(က) (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ စာအိတ်(ခ) (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်များ၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ **(လူကိုယ်တိုင်)**လာရောက်တင်သွင်းရမည်။

၃။ တင်ဒါပိတ်ရက်- **(က) (၂၉-၇-၂၀၂၂)ရက်၊ (၁၃:၀၀)နာရီ**
**(ခ) (၃၀-၈-၂၀၂၂)ရက်၊ (၁၃:၀၀)နာရီ**

၄။ တင်ဒါပုံစံအား (၁၅-၇-၂၀၂၂)ရက်မှ စတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(www.moee.gov.mm)**တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ(ဖုန်း-၀၆၇-၈၁၀၄၂၇၉)**

▲ IGCSE (Phy, Maths, Eng)
▲ Secondary I, II, III
▲ GRADE 10, 11 (English)
▲ IELTS
**SAYA PHILLIP Ph - 0943043349**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ စက်ကြီးဆည်မြောင်းဝင်းနေ ကျွန်တော် ဦးမင်းမင်းမောင်[၉/မထလ(နိုင်)၂၀၁၁၄၄]နှင့် မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ စက်ကြီးဆည်မြောင်းဝင်းနေ ဒေါ်ကြူကြူမာ [၉/မထလ(နိုင်)၂၀၁၁၈၀]တို့သည် ၂၉-၃-၂၀၂၂ ရက်တွင် တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ဒေါ်ကြူကြူမာနှင့် ပတ်သက်သည့် မည်သည့်ကိစ္စမျှ မသက်ဆိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းမင်းမောင်**
**[၉/မထလ(နိုင်)၂၀၁၁၄၄]**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ အုန်းပင်စုရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၅၉)နေ (ဘ) ဦးဝင်းမြ၏ သားဖြစ်သူ ကိုကျော်နိုင်[၁၂/သလန(နိုင်)၁၀၄၁၇၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ကိုကျော်နိုင်သည် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ်(အ/၈)၊ ကွင်းအမည်-ဈေးသစ်မြောက်ကွက်၊ ဦးပိုင်အမှတ်(၁၃၉)၊ အလျား(၁၃)ပေx အနံ(၁၀၈)ပေ အကျယ်အဝန်းရှိ ဦးသိန်းအောင်အမည်ဖြင့် ပုံစံ(၁၀၅)ထွက်ရှိထားသော မြေနေရာအား ပိုင်ရှင်များဖြစ်သော ဒေါ်နွဲ့နှင့် သားသမီးများဖြစ်ကြသော ကိုစိုးသန်း၊ ကိုထွန်းနိုင်၊ မနုနုအေးတို့ထံမှ ဝယ်ယူမည်ဖြစ်ပါသောကြောင့် ထိုမြေနေရာအား အရောင်းအဝယ်ပြုလုပ်ရာတွင် ကန့်ကွက်မည့်သူများရှိပါက ယခုသတင်းစာကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၇)(၂၈-၂-၂၀၁၇)**
**အမှတ်-၁၈၊ ရွှေဆံတော်ဘုရားလမ်း၊ တွံတေးမြို့။ ဖုန်း-၀၉-၅၀၄၄၁၆၈**

## မြေနှင့်အိမ်အရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ အိမ်အမှတ်(၄၀)ဟုခေါ်တွင်သော ကြည့်မြင်တိုင်အရှေ့၊ သရက်ကုန်းတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁)၊ အကွက်ခွဲအမှတ်(၃၄)၊ ဒေါ်ရွှေတင်(၁၈၀၁/၆၀)၏ အမည်ဖြင့် မှတ်သားတည်ရှိသော (၁.၃၈၃)ဧက၊ မြေပိုင်မြေ(မစိုက်ပျိုးမြေ)အမျိုးအစား အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာ(၀.၀၂၈)ဧကရှိ မြေနှင့် ယင်းမြေပေါ်တွင် တည်ဆောက်ထားသော နှစ်ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ပိုင်ရှင်များဖြစ်သူ ဦးမြင့်ဆွေ(ဘ) ဦးစံသိန်း[၁၂/လမတ(နိုင်)၀၁၇၄၇၀]နှင့် ဒေါ်နန်းသီတာ(ဘ) ဦးစိုးစိုး [၁၂/လမတ(နိုင်)၀၁၇၃၁၄]တို့မှ ကာလတန်ဖိုးနှင့်အညီ ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် (၁၁-၇-၂၀၂၂) ရက်နေ့တွင် စရန်ငွေအား ပေးအပ်ထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်အေးမွန်အောင်(LL.B, LLM)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၃၇၂)**
**အမှတ်(၁၉/၄လွှာ)၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-အ/၇၉နေ ဒေါ်အေးကျင်[၁၂/တတန(နိုင်)၀၀၈၃၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးကျင်၏ သားဖြစ်သူ မောင်အောင်ကိုကို[၁၂/တတန(နိုင်)၁၃၈၄၃၈]သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိခင်စိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးကျင် [၁၂/တတန(နိုင်)၀၀၈၃၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွဲ့လွဲ့ဝင်း(LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း(အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၉၅၉၅၅၀၅**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇူန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# မူးယစ် ကို ပစ် ပန်းတိုင် သစ် စိတ် သစ် လူ သစ် ဘဝ သစ်

**ဦးစိန်မင်း (ဦးစီးအရာရှိ-ပုံနှိပ်)**
**ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**အသက်(၅၀)**

ရန်ကုန်မြို့၊ ကျန်းမာရေးတက္ကသိုလ်ဝင်းနေ (ဦးစောမြသောင်း-ဒေါ်သန်းငွေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတင်ဝင်း-ဒေါ်သိန်းကျင်)တို့၏ သားသမက်၊ မကွေးမြို့နေ (ဦးအောင်ဝင်းဦး-ဒေါ်လှခင်)တို့၏မောင်၊ ရန်ကုန်မြို့နေ (ဦးမြတ်ကို)-ဒေါ်ဝင်းမော်အေး (စာပေဗိမာန်ပုံနှိပ်စက်ရုံ)တို့၏ညီ၊ (ဒေါ်တင်တင်ညို)၊ (ဦးထွေးမောင်)-ဒေါ်မြင့်မြင့်ဝေတို့၏အစ်ကို၊ ဒေါ်မြတ်စောငြိမ်း (ဦးစီးအရာရှိ-ပုံနှိပ်၊ ဂျီတီစီပုံနှိပ်စက်ရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းစည်သူ၏ဖခင်သည် ၁၂-၇-၂၀၂၂ (အင်္ဂါနေ့) နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဖိုတိုလစ်သိုပုံနှိပ်စက်ရုံမှကားများ မွန်းလွဲ ၁၂:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၂၂ (တနင်္လာနေ့)တွင် အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးစိန်မင်း**
**အသက်(၅၀)**

ဦးစိန်မင်း (ဦးစီးအရာရှိ-ပုံနှိပ်၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ)သည် ၁၂-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သိန်းကြည်**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးခင်ဇော်-ဒေါ်ယဉ်စန်း၊ ရွှေကျင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ဆရာကြီး ဦးကျင်မြင့် (အထက-ငြိမ်း)-ဒေါ်တင်မေဌေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ [ဦးဌေးဝင်း (ဗဟိုတရားရုံးချုပ်-ငြိမ်း)]-ဒေါ်နွဲ့နွဲ့ဝင်း၊ ရွှေပြည်သာမြို့နယ်နေ ဦးထွန်းမြတ်ကြွယ်-ဒေါ်ထွေးထွေးစိန်၊ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ရွာနေ ဦးတင်ဖုန်းမြင့်-ဒေါ်ရီရီနိုင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးကျော်သူ (အမှုဆောင်အရာရှိချုပ်-YESC, MOEP)-ဒေါ်နီလာရှိန်၊ ရွှေကျင်မြို့၊ မကျည်းတန်းရပ်နေ ဦးစိုးမိုး-ဒေါ်ဌေးဌေး(ရွှေစည်-စိုက်ပျိုးရေးဆေးဆိုင်)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၁၉ ယောက်၊ မြစ် ငါးယောက်တို့၏အဘွား၊ ဦးအေး၏ ချစ်လှစွာသောဇနီး ဒေါ်သိန်းကြည်သည် ၁၀-၇-၂၀၂၂ (တနင်္ဂနွေနေ့) ည ၉:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ခဲ့ရာ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၂-၇-၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေကျင်မြို့နေ ဦးအေး-(ဒေါ်သိန်းကြည်)တို့နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဒေပင်အုပ်စု၊ ထိန်စွန်းကျေးရွာ၊ ပါရမီရိပ်မွန်(၆)လမ်း၊ ပေ(၄၀x၆၀) အကျယ်အဝန်းရှိ မြေကွက်အား တရားဝင်ပိုင်ဆိုင်သူ ဦးကျော်တိုးဝင်း[၉/စကတ(နိုင်)၀၇၅၉၄၀]က ပိုင်ဆိုင်သည်ဟု ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဝင်း [၁၂/မဂဒ(နိုင်)၀၈၇၆၄၆]ထံသို့ အပြီးအပိုင်ရောင်းချရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးကေသီခိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၆၇၄)**
**ပြည်လမ်း၊ မင်္ဂလာဒုံမြို့နယ်။ ဖုန်း-၀၉-၂၆၀၄၆၉၄၂၄**


**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။






**အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဒေါ်အမာဂျန်(ခ)ဒေါ်အမာ(ဖျာပုံ-ဒေးဒရဲ)
**(ဟာဂျီ- ဦးဆရက်ဘာယဆေးဆိုင်)**
**အသက်(၈၉)နှစ်**

ဒေးဒရဲမြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးအီဘရာဟင်-ဒေါ်ဘီဘီ)တို့၏ သမီးငယ်၊ ဖျာပုံမြို့၊ အမှတ်(၁၅)၊ ရွှေသာလျောင်းဘုရားလမ်းနေ [ဟာဂျီဦးဆရက်-ဒေါ်ရှရီဖာ(ခ) ဒေါ်အေးချမ်း]တို့၏ သမီးချွေးမ၊ (ဟာဂျီ ဦးကျော်လွင်)၏ချစ်ဇနီး၊ ဒေးဒရဲမြို့နေ (ဦးမောင်ခိုင်-ဒေါ်ဟဝါဘီ)၊ (ဒေါ်အတီ)၊ (ဒေါ်အမီနာ)၊ ရန်ကုန်မြို့နေ (ဦးခင်မောင်လေး-ဒေါ်ခင်မေဝင်း)၊ (ဦးသန်းလှိုင်)-ဒေါ်တင့်တင့်တို့၏ ညီမ/အစ်မသည် ၉-၇-၂၀၂၂ ရက် ညတွင် နေအိမ်၌ အလ္လာဟ်အသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၇-၂၀၂၂ ရက်တွင် ဖျာပုံမြို့ ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွနာပြုလုပ်ပြီးဖြစ်ကြောင်း ရပ်ဝေးနေဆွေမျိုးများနှင့် မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

ဦးဝင်းစန်းလွင်- ဒေါ်အိအိမိုးတို့၏မိခင်ကြီး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ (၄)လမ်း၊ အမှတ် (၈၄၄)နေ ဒေါက်တာဒေါ်ခင်စန်းမြင့်သည် ၉-၇-၂၀၂၂ (စနေနေ့) နံနက် ၁:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးသိန်း- ဒေါ်ကေခိုင်**
**မိသားစု**
**ခနေသီဟကုမ္ပဏီလီမိတက်**

**ဗိုလ်တထောင် စန္ဒာဝင်းအပ်ချုပ်**
**သင်တန်းကျောင်း၏ဖခင်ကြီး**
**ဦးခင်လတ်အား**
**"၁ နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း"**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ် ဒါယကာဖြစ်သော ဖခင်ကြီး ဦးခင်လတ်အား ရည်စူး၍ ၁၃-၇-၂၀၂၂ ရက် '၁'နှစ်ပြည့် အမျှကောင်းမှု နိဗ္ဗာန်ဆုကို ရဟန်းသံဃာတို့အား ကုသိုလ်ဒါနပြုပါသည်။

(ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟ/တပည့်များအား အသိပေးအပ်ပါသည်။)

**စန္ဒာဝင်းမိသားစု**
**သားသမီးမြေးမြစ်များ**

**ဦးခင်မောင်ရင်**
**ညွှန်ကြားရေးမှူး၊ လဝက (ငြိမ်း)**
**အသက်(၇၁)နှစ်**

အမှတ်(ဘီ/၁၄)၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးကျော်တင်-ဒေါ်စောနွယ်)တို့၏သား၊ ဒေါ်မိမိခိုင်၏ခင်ပွန်း၊ မစုဝိုင်းယဉ်၊ မခင်ဝိုင်းယဉ် တို့၏ ဖခင်သည် ၁၁-၇-၂၀၂၂ ရက် ည ၁၁:၁၀ နာရီတွင် (၉၆) ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၂ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

၈-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ခင်ဆွေတင့်(Joyce) နာမကျန်းဖြစ်စဉ်က အစွမ်းကုန် ဂရုတစိုက်ကုသပေးပါသော ပန်းလှိုင်ဆေးရုံကြီးမှ ကျောက်ကပ်အထူးကုသမားတော်ကြီး ဒေါက်တာဦးအောင်ချမ်းငြိမ်း၊ ပန်းလှိုင် ICU Ward မှ တာဝန်ခံ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဦးထက်နိုင်၊ တာဝန်ကျ ဆရာဝန်၊ ဆရာမများအားလုံးနှင့် လိုအပ်မှုများမကျန်ရအောင် အစစအရာရာ စီစဉ်ပေးပါသော SSC ဆေးရုံမှ ဝန်ထမ်းမိသားစုများအားလုံး၊ လူကိုယ်တိုင်ဖြင့်လည်းကောင်း၊တယ်လီဖုန်းဖြင့်လည်းကောင်း မေးမြန်းအားပေးကြသော ဆွေမျိုးမိတ်ဆွေအပေါင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## အာဆီယံအမျိုးသမီးပြိုင်ပွဲ မြန်မာနှင့် ဗီယက်နမ် ယနေ့ ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၂

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ)နောက်ဆုံးနေ့ကို ဇူလိုင် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမနေရာအတွက် မြန်မာနှင့် ဗီယက်နမ်အသင်း အဆုံးအဖြတ်ပွဲ ကစားရမည်ဖြစ်သည်။

အုပ်စု(ခ)နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၁၃ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇူလိုင် ၁၁ ရက် ပွဲစဉ်များအပြီးတွင် သုံးပွဲစလုံး အနိုင်ရထားသည့် မြန်မာနှင့် ဗီယက်နမ် အသင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်ရန် သေချာသွားပြီး ကမ္ဘောဒီးယား၊ လာအိုနှင့် တီမောအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာနှင့် ဗီယက်နမ်ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ **စာမျက်နှာ ၁၆ ကော်လံ ၄ သို့** ○



မြန်မာအမျိုးသမီးအသင်း ကစားသမားများကို တွေ့ရစဉ်။






မခင်ရတနာအောင်(သေဆုံး)နှင့် ၎င်းစီးနင်းခဲ့သည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

## မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ဘဏ်မှ ငွေကျပ်သိန်း ၄၈၀၀ ထုတ်ယူလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားလေးဦးက သေနတ်ဖြင့်ပစ်ခတ်ကာ လုယက်ယူဆောင်ခဲ့သဖြင့် ငွေထုတ်ပြန်လာသူ အမျိုးသမီးတစ်ဦး သေဆုံး

နေပြည်တော် ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ဇူလိုင် ၁၁ ရက်က ဘဏ်မှ ငွေကျပ် သိန်း ၄၈၀၀ ထုတ်ယူလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားလေးဦးက သေနတ်ဖြင့် ပစ်ခတ်ကာ လုယက်ယူဆောင်ခဲ့သဖြင့် ငွေထုတ်ပြန်လာသူများအနက် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် မနော်ဟရီလမ်းနှင့် လမ်း ၅၀ ထောင့်နေ ဦးအောင်ကျော်ဦး (၆၁)နှစ်သည် မိသားစုဝင် ခုနစ်ဦးနှင့်အတူ ၎င်းပိုင် MDY 9Q–6272 Suzuki Ertiga အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် ၆၂ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ MAB မြန်မာ့ရှေ့ဆောင်ဘဏ်မှ ငွေကျပ်သိန်း ၄၀၀၀ နှင့် ၆၂ လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားရှိ CB ဘဏ်မှ ငွေကျပ် သိန်း ၈၀၀ တို့ကို သွားရောက်ထုတ်ယူပြီး **စာမျက်နှာ ၁၆ ကော်လံ ၄ သို့** ■

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၂

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ–

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❖

**ယနေ့** ဖတ်စရာ

**ချောင်းဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင် မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး ၎င်းတို့၏တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ပေးသည့် လူမှုကူညီရေးယာဉ်များအား ထပ်မံမိုင်းဆွဲတိုက်ခိုက်**

စာမျက်နှာ » ၁၅